# ပထမအကြိမ်ပြည်သူ့လွှတ်တော်
# ဒုတိယပုံမှန်အစည်းအဝေး
# ၂၂ ရက်မြောက်နေ့မှတ်တမ်း(မူကြမ်း)
# (၂၁-၉-၂၀၁၁)

**အချိန်**၊၁၀ း ၀၀။

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၂၂ ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး ရှိတဲ့အနက် ၃၇၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၅.၁၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနဲ့ စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။ သို့ရာတွင် အစီအစဉ် ၉၊ အစီအစဉ် ၁၀၊ အစီအစဉ် ၁၁ ဒီအစီအစဉ်များဟာ ဒီနေ့မှာ ဆောင်ရွက်မှာမဟုတ်ဘဲနဲ့ ရွှေ့ဆိုင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြိုတင်အသိပေး တင်ပြအပ်ပါတယ်။ ယခုအစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဗိုလ်မှူးတင်မောင်လွင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ပြန်တမ်းဝင်အမှတ် ကြည်း ၁၈၉၉၇ ဗိုလ်မှူးတင်မောင်လွင် ဖြစ်ပါတယ်။ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၈၃၄၆ ဗိုလ်မှူးမြတ်သူဟာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆရာဝန်၏ ညွှန်ကြားချက်အရ အဆောင်တွင် အနားယူနေရပါသောကြောင့် ယနေ့ ၂၁-၉-၂၀၁၁ ရက်နေ့အား ခွင့်အဖြစ်သတ်မှတ်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးသန်းဝင်း(ကျိုက်လတ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းဝင်း ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုလွင်ကိုယ်စား ခွင့်တိုင်ကြားမှာ ဖြစ်ပါတယ်။ ဦးကိုကိုလွင် သည် တုပ်ကွေးရောဂါဖြစ်ပြီး ဖျားနေပါသဖြင့် ယနေ့ ၂၁-၉-၂၀၁၁ ရက်နေ့အား ခွင့်တစ်ရက် ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးစိုးပိုင်(ဝန်းသိုမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်းဟာ စစ်ကိုင်းမှာ နေထိုင်တဲ့ အစ်မဖြစ်သူရဲ့ ကျန်းမာရေးဆိုးဝါးလာတဲ့အတွက် ရုတ်တရက် ခရီးထွက်ခွာ သွားရပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ ၂၁-၉-၂၀၁၁ ရက်နေ့မှ ၂၃-၉-၂၀၁၁ ရက်နေ့အထိ သုံးရက် တိတိကို ခွင့်အဖြစ်သတ်မှတ်ပေးပါရန် စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကျွန်တော် ဦးစိုးပိုင် အနေနဲ့ တင်ပြတောင်းခံအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးသောင်း(မော်လိုက်မဲဆန္ဒနယ်)**။ ။လေးစားအပ်တဲ့ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က မော်လိုက်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်း ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်းဟာ မိမိ ကိုယ်တိုင်မလုပ်မဖြစ်တဲ့ လုပ်ငန်းတစ်ခုရှိပါသဖြင့် ယနေ့ အစည်းအဝေးတက်ရောက်ခွင့် ပျက်ကွက် သည်ကို ခွင့်တစ်ရက်ပေးပါရန် ရိုသေလေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးသူရသည် ၎င်း၏မိသားစုကိစ္စအတွက် ကိုယ်တိုင်ဆောင်ရွက်ရမည်ဖြစ်ပါ၍ ၂၁-၉-၂၀၁၁ မှ ၂၂-၉-၂၀၁၁ အထိ ခွင့်နှစ်ရက်ပေးပါရန် ၎င်း၏ကိုယ်စား ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးသိန်းထွန်းက လေးစားစွာဖြင့် ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဒေါ်ဒွဲဘူ(အင်ဂျန်းယန်မဲဆန္ဒနယ်)။** ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်သည် အအေးမိပြီး နေထိုင်မကောင်း ဖြစ်နေပါသဖြင့် ယနေ့ ၂၁-၉-၂၀၁၁ နေ့တွင် ကျင်းပသော ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းကို ခွင့်ရက်အဖြစ် တစ်ရက်သတ်မှတ်ပေးနိုင်ပါရန် ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ကျွန်မ ဒေါ်ဒွဲဘူက လေးစားစွာဖြင့် ကိုယ်စားခွင့်တောင်းခံ တင်ပြအပ်ပါသည်ရှင်။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဒေါက်တာနေလင်း(ဆိပ်ကမ်းမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာနေလင်း ဖြစ်ပါတယ်။ ကျွန်တော်နဲ့ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်လဲ့လဲ့ဝင်းဆွေ နှစ်ဦးအား ထိုင်းနိုင်ငံ၊ ဖူးခက်မြို့တွင် ၂၃-၉-၂၀၁၁ ရက်နေ့မှ ၂၄-၉-၂၀၁၁ ရက်နေ့အထိ ကျင်းပမည့် ပါလီမန်အမတ်များနှင့် ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခန်းကဏ္ဍအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရမည်ဖြစ်ပါ၍ ၂၂-၉-၂၀၁၁ ရက်နေ့မှ ၂၇-၉-၂၀၁၁ ရက်နေ့အထိ ခွင့်သတ်မှတ်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၆ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။ ပထမဦးစွာ ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဉာဏ်ဆွေဝင်း(ကျောက်ကြီးမဲဆန္ဒနယ်)**။ ။ ချစ်ခင်လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များ ခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဆွေဝင်း ဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော့်အနေနဲ့ ယနေ့ အင်မတန်အရေးကြီးတဲ့ တောင်သူလယ်သမားများအတွက် အသင်းအဖွဲ့ ဖွဲ့စည်းရေးကိစ္စနဲ့ ပတ်သက်လို့ မေးမြန်းဆွေးနွေးလို ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မေးမြန်းဆွေးနွေးချက်ကို ဖတ်ပြောလေး ပြောခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ယနေ့ ကမ္ဘာ့လူဦးရေဟာ အင်မတန်မှ တိုးတက်နေပါတယ်။ ဒါနဲ့ လိုက်လျောညီထွေ ဖြစ်ဖို့အတွက်ကို ကမ္ဘာ့စားနပ်ရိက္ခာထုတ်လုပ်ရေးဟာ လိုက်မမှီဘဲနဲ့ အခက်အခဲတွေ ကြုံတွေ့နေရပါတယ်။ ဒါကို လျော့ပါးစေဖို့အတွက်လည်းပဲ ဒီနေ့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကိုယ်တိုင် ငတ်ပြတ်နေတဲ့ တချို့နိုင်ငံတွေကို ဖြေရှင်းနေရတဲ့ အခြေအနေရှိပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ လက်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေနဲ့ အေးချမ်းသာယာပြီးတော့ ခေတ်မီဖွံ့ဖြိုး တိုးတက်တဲ့နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက်ကို အမျိုးသားစီးပွားရေးဘဝ တိုးတက်မြင့်မား လာစေရေးအတွက် အထူးအလေးထားပြီးတော့ ဆောင်ရွက်နေတဲ့နေရာမှာ ကျွန်တော်တို့ရဲ့နိုင်ငံတော် အကြီးအကဲများကိုယ်တိုင် ကိုယ်တိုင်ကိုယ်ကျ ပံ့ပိုးအားပေးမှု သက်ဆိုင်ရာလယ်ယာနဲ့ ဆည်မြောင်းဝန်ကြီး ဌာနနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ အနီးကပ်ကြိုးစားပမ်းစား ကြီးကြပ်အားပေးမှုနဲ့ ကျေးလက်ဒေသမှာ အများစုနေထိုင်ကြတဲ့ ကျွန်တော်တို့ တောင်သူလယ်သမားကြီးများရဲ့ စွမ်းစွမ်းတမံကြိုးပမ်းအားထုတ်မှု ကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံရဲ့ ရေမြေသယံဇာတ သဘာဝစွမ်းအားစုတွေကို ဖော်ထုတ်မြှင့်တင်နိုင်ခဲ့ ပြီးတော့ လက်ရှိအခြေအနေမှာ ကျွန်တော်တို့ဟာ စိုက်ပျိုးမြေဧက ၅၇ သန်းကျော်အထိ အံ့မခန်း တိုးတက် လာခဲ့ပါတယ်။ တစ်ဖက်မှာလည်း စပါးတင်းပေါင်း ၁၅၆၀ သန်းအထိ တိုးတက်ထွက်ရှိလာတဲ့အတွက် ကြောင့်မို့လို့ ကျွန်တော်တို့ဟာ ငတ်ပြတ်နေတဲ့ ရိက္ခာလိုနေတဲ့နိုင်ငံတွေကို တိုင်းပြည်ဖူလုံတဲ့ အပြင်မှ ပံ့ပိုးနိုင်တဲ့ ဂုဏ်ဒြပ်ရပ်တစ်ခုဟာ ကမ္ဘာ့အလယ်မှာ ကျွန်တော်တို့ရရှိလာတာ ဖြစ်ပါတယ်။ တစ်ဖက်မှာ

လည်းပဲ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုမှာလည်းပဲ ကျွန်တော်တို့ဟာ အရှေ့တောင်အာရှဒေသမှာ ဦးဆောင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာတယ်လို့ ကျွန်တော်တို့ သိရှိရတဲ့အပြင် ကမ္ဘာမှာဒုတိယပဲအများဆုံး တင်ပို့တဲ့နိုင်ငံ ဖြစ်တယ်လို့လည်းပဲ မှတ်သားခဲ့ရတဲ့အတွက် အင်မတန်ဝမ်းမြောက်ဖို့ ကောင်းပါတယ်။ ကျွန်တော်တို့ တောင်သူလယ်သမားတွေ ဒီနေ့ ထုတ်လွှတ်လိုက်တဲ့ ရိက္ခာတွေဟာ နောင် ၁၀ စုနှစ် များစွာအထိ တိုးတက်လာမယ့် နိုင်ငံ့လူဦးရေအတွက် အာမခံချက်တွေရှိတယ်လို့ သိရှိရပါတယ်။ ဒါဟာ နိုင်ငံတော်နဲ့ တောင်သူလယ်သမားများရဲ့ ဂုဏ်ဒြပ်ရပ်တစ်ခုပဲ ဖြစ်တယ်လို့ ဒီလို ကျွန်တော် သုံးသပ်တင်ပြလိုပါတယ်။ လက်ရှိကျွန်တော်တို့ ဈေးကွက်စီးပွားရေးစနစ်ကို ကျယ်ပြန့်စွာ ကျင့်သုံးလျက်ရှိတဲ့ မျက်မှောက်ကာလမှာ နိုင်ငံအသီးသီးဟာ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေကို အပြိုင်အဆိုင် အကြိတ်အနယ် ကြိုးပမ်းပြီးတော့မှ ပြိုင်ဆိုင်ဆောင်ရွက်နေသလို ကျွန်တော်တို့ရဲ့ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းတွေမှာလည်းပဲ ပြိုင်ဆိုင်မှု တွေဟာ အလွန်ပြင်းထန်လှပါတယ်။ စိုက်ပျိုးကုန်ထုတ်တဲ့ပစ္စည်းတွေ ကမ္ဘာ့ဈေးကွက်ကို ထိုးဖောက်နေရာ ရရေးဆိုတာ အရေအတွက်အရရော၊ အရည်အသွေးအရပါ တိုးတက်မြင့်မားမှုရှိဖို့နဲ့ မြေယာ၊ ငွေကြေး အရင်းအနှီး၊ မျိုးကောင်းမျိုးသန့်၊ ပံ့ပိုးပစ္စည်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာ၊ လူသားအရင်းအမြစ်နဲ့ လုပ်ငန်းကျွမ်းကျင်မှုတို့အပြင် လက်ရှိရင်ဆိုင်နေရတဲ့ သဘာဝဘေးအန္တရာယ် ကျော်လွှားရေးကိုပါ ထည့်သွင်း တွက်ချက်ဆောင်ရွက်နေရတဲ့ အခက်အခဲတွေဟာ ရှိနေပါတယ်ခင်ဗျား။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံတော်ရဲ့ စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းတွေ အရှိန်အဟုန်နဲ့ တိုးတက်ဖြစ်ထွန်းပြီးတော့ အခက်အခဲ၊ အဟန့်အတားများကို အောင်မြင်စွာကျော်လွှားနိုင်ရေးနဲ့ နိုင်ငံတကာ ဈေးကွက်အထိကို မြန်မာ့လယ်ယာထုတ်ကုန်များ ထိုးဖောက်တင်ပို့နိုင်ရေးဟာ နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်မှုနဲ့ ပြည်ထောင်စုကြီးအတွင်းမှာရှိတဲ့ တောင်သူလယ်သမားထုတစ်ရပ်လုံး စိုက်ပျိုးရေး ကုန်ထုတ်လုပ်ငန်းနဲ့ ဆက်နွယ်နေတဲ့ ကျန်တဲ့အသင်းအဖွဲ့တွေနဲ့ တောင်သူလယ်သမားတွေဟာ အပြန်အလှန် ပူးပေါင်း ဆောင်ရွက်ဖို့ လက်ရှိကာလမှာ အင်မတန်အရေးကြီးတဲ့ကာလကို ရောက်ရှိနေပါတယ်ခင်ဗျား။ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ မြေယာကိုအရင်းတည်ပြီးတော့ ကုန်ထုတ်လုပ်ငန်းတွေ လုပ်ကြရတဲ့ ကျွန်တော်တို့ တောင်သူလယ်သမားကြီးတွေဟာ လုပ်ငန်းခွင်အတွင်းမှာ တစ်ခါတစ်ရံ မြေယာတွေ ကျွန်တော်တို့ အငြင်းပွားကြတာတွေ လယ်သမားထုအတွင်းမှာ နောက် စားကျက်မြေတွေ၊ ကျူးကျော်မှုတွေ၊ နောက်မြေနုကျွန်းပေါ် ကိစ္စတွေ၊ တစ်ရွာနဲ့တစ်ရွာပြဿနာ ထုတ်တာတွေ၊ နောက်လယ်ယာကုန်ထုတ် ပယ်လမ်းကိစ္စတွေ၊ မြေကြီးမြေပုံအရ လယ်ယာမြေပြိုင်ဆိုင်မှု အငြင်းပွားတဲ့ကိစ္စတွေ၊ တစ်ခါတစ်လေမှာ ကျွဲ၊ နွား၊ တိရစ္ဆာန်ကျော်နင်းမှုနဲ့ ပတ်သတ်လို့အမှုတွေ ဖြစ်ကြတာတွေ၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်တဲ့ဥပဒေ ချိုးဖောက်မှုကိစ္စရပ်တွေ၊ ရံဖန်ရံခါ မကြာမကြာ ဖြစ်ပွားလျက်ရှိပါတယ်ခင်ဗျား။

ဒီကိစ္စကိုတာဝန်ရှိတဲ့အဖွဲ့အစည်းတွေက ဖြေရှင်းဆုံးဖြတ်တဲ့နေရာမှာ တောင်သူလယ်သမား အဖွဲ့အစည်းဝင်များကိုယ်တိုင် ပါဝင်ဆွေးနွေးဖြေရှင်းခွင့်မရတဲ့အတွက် တစ်ခါတစ်ရံမှာ မှားယွင်းဆုံးဖြတ်ပြီးတော့ တည်ဆဲမြေယာဥပဒေနဲ့ မညီညွတ်တာတွေ၊ ကျေးရွာတောင်သူ လယ်သမားထုအတွင်းမှာလည်းပဲ စည်းလုံးညီညွတ်မှု ပျက်ပြားမှုကိစ္စတွေ၊ မကြာခဏဖြစ်ပေါ်ခဲ့ကြောင်းကို သိရှိရပါတယ်ခင်ဗျား။ ဒါကြောင့် မြေယာအငြင်းပွားမှုများ စစ်ဆေးကြားနာ ဆုံးဖြတ်ဆောင်ရွက်ပေးတဲ့နေရာမှာ တောင်သူလယ်သမားကိုယ်တိုင်၊ တောင်သူလယ်သမားကိုယ်စားလှယ်များ ကိုယ်တိုင်ပါဝင်တဲ့ မြေယာမှုခင်းအငြင်းပွားမှု စစ်ဆေးဆုံးဖြတ်တဲ့အဖွဲ့နဲ့ ပူးပေါင်းဖွဲ့စည်းဆောင်ရွက်သွားမယ်ဆိုရင် မြေယာမှုခင်းမှာ အမှားအယွင်းနည်းသွားပြီးတော့ တောင်သူလယ်သမားများအတွင်း စည်းလုံးညီညွတ်မှုကိုလည်းပဲ ထိခိုက်မှုနည်းသွားမယ်လို့ သုံးသပ်လို့ရရှိပါတယ်။ ၎င်းအပြင်မှာ ကျွန်တော်တို့ လက်ရှိတောင်သူလယ်သမားတွေ ထုတ်လုပ်ဖြန့်ဖြူးလိုက်တဲ့ သီးနှံတွေကို ဝယ်ယူသိုလှောင်ကြိတ်ခွဲရောင်းဝယ်ဖောက်ကားကြတဲ့ ကုန်သည်ကြီးများ၊ စက်ပိုင်ရှင်ကြီးများ ပဲ၊ နှမ်း၊ စပါးနဲ့ ဆီထွက်ကုန်သည်ကြီးများစသည်ဖြင့် တရားဝင်အဖွဲ့အစည်းများ ထူထောင်ပြီးတော့မှ စနစ်တကျလုပ်ငန်းတွေ ဆောင်ရွက်တယ်။ အသင်းစည်းမျဥ်းတွေကို စနစ်တကျရေးဆွဲတယ်။ နိုင်ငံတွင်း ဦးဆောင်မှုကိုခံယူပြီး ဆောင်ရွက်တဲ့နေရာမှာ ဒီအဖွဲ့အစည်းတွေဟာ အင်မတန်မှလုပ်ငန်းတွေလည်ပတ်ပြီးတော့မှ အောင်မြင်မှု ရရှိနေကြောင်းလည်းပဲ သိရှိရပါတယ်ခင်ဗျား။ သို့သော်လည်းပဲ ပြည်ထောင်စုတစ်နံ့တစ်ပြားမှာနေတဲ့ ကျွန်တော်တို့ တောင်သူလယ်သမားကြီးများရဲ့ အရေးအရာကိစ္စတွေကို သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများကို တင်ပြခွင့်၊ ညှိနှိုင်းခွင့်၊ အကျိုးတူ အသင်းအဖွဲ့များနှင့် ပူးပေါင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိတဲ့ တောင်သူလယ်သမားအသင်းအဖွဲ့များဟာ ယနေ့တိုင် မရှိသေးပါဘူးခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့က ပြည်ထောင်စုလွှတ်တော်ကြီးမှာ မိန့်ကြားသွားတဲ့ နိုင်ငံတော်သမ္မတကြီးရဲ့ နိုင်ငံတော်အခြေပြုမိန့်ခွန်းမှာ တောင်သူလယ်သမားအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်တဲ့ဥပဒေများ၊ အစဥ်ခေတ်မီ ပြည့်စုံနေအောင် ပြဌာန်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာထွက်ကုန်များ သင့်တင့်သောဈေးနှုန်းရရှိရေး၊ လယ်ယာထွက်ကုန်များ အရည်အသွေးမြင့်မားရေးတို့ကိုလည်းပဲ မြှင့်တင်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်ဟူ၍လည်းကောင်း၊ နောက်ပြည်ထောင်စုအစိုးရအနေနဲ့ အောက်ပါဥပဒေပြုရေး အစီအစဥ်များကို သက်ဆိုင်ရာလွှတ်တော်များသို့ တင်သွင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်အောင် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ဆိုတဲ့ ခေါင်းစဥ်အောက်အပိုဒ် ၄ မှာ တောင်သူလယ်သမားများရဲ့ လယ်ယာလုပ်ပိုင်ခွင့်နဲ့ဥပဒေများ ပြုစုနိုင်ရေးကိုလေ့လာခြင်း၊ လက်ရှိဥပဒေများကို ခေတ်နဲ့အညီ ပြင်ဆင်နိုင်ရေးအတွက် ပြန်လည် သုံးသပ်ခြင်းလို့ အတိအလင်း မိန့်ကြားသွားတာကို

ဝမ်းမြောက်ဖွယ် မှတ်သားခဲ့ရပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ မနေ့က ၂၀ ရက်နေ့ကဆိုရင် ကျွန်တော်တို့ရဲ့ ပြည်သူ့လွှတ်တော်ကြီးမှာ လယ်ယာမြေဥပဒေသစ်ကိုရေးဆွဲပြီးတော့မှ လယ်သမား အကျိုးဖြစ်ထွန်းစေတဲ့ အဆိုတွေမေးခွန်းတွေကို မြိုင်မြိုင်ဆိုင်ဆိုင်ကြီးဆွေးနွေးကြတဲ့အခြေအနေဖြစ် ပေါ်လို့လာပါပြီခင်ဗျား။ ဒါ့ကြောင့် ကျွန်တော်တို့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး တောင်သူလယ်သမားဘဝတိုးတက်ရေးအတွက် လယ်ယာလုပ်သူတိုင်း လယ်မြေကို လက်ရှိထားနိုင် ခွင့်နဲ့ လုပ်ပိုင်ခွင့်တွေ မနေ့ကဘဲ ကျွန်တော်တို့ ဆွေးနွေးပြီး ဆုံးဖြတ်ခဲ့တာကို ဝမ်းမြောက်ဖွယ်တွေ့ရှိရ ပါတယ်။ လယ်ယာမြေတွေကို ဥပဒေမဲ့သိမ်းယူခြင်း၊ အခြားနည်းနဲ့အသုံးပြုခွင့်မရှိစေရေး၊ အကယ် ၍နိုင်ငံတော်အကျိုးစီးပွားအတွက် ဆောင်ရွက်ရပါကလည်းပဲ သင့်လျော်သည့် နစ်နာကြေးများရရှိရေး ကိုဆွေးနွေးခဲ့ကြပြီးဖြစ်ပါတယ်။ ဆုံးဖြတ်ခဲ့ကြပြီး ဖြစ်ပါတယ်။ တောင်သူလယ်သမားများ လယ်ယာ ထုတ်ကုန်လုပ်ငန်းများမှာ အမြတ်ထုတ်ချယ်လှယ်မှု ကင်းရှင်းရေး၊ ရေမြေသဘာဝ အခြေအနေအတိုင်း ကိုက်ညီတဲ့သီးနှံတွေ တောင်သူလယ်သမားများရဲ့ ဆန္ဒနဲ့အညီ လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ် ရောင်းဝယ်ခွင့်ရှိရေး၊ နောက်တောင်သူလယ်သမားများအတွက် လိုအပ်တဲ့ထုတ်လုပ်မှုကုန်ကျစရိတ် ရရှိရေးအတွက်ကို စိုက်ပျိုးစရိတ်ချေးငွေတွေ ပိုမိုတိုးမြှင့်ပြီးတော့မှ အဆင်ပြေချောမွေ့စေရေး၊ လယ်သမားများအတွက် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးစတဲ့ ပစ္စည်းများဝယ်ယူတဲ့နေရာမှာ မျှတတဲ့ ဈေးနှုန်း၊ ထုတ်လုပ်ရောင်းချတဲ့ သီးနှံဈေးနှုန်းကိုလည်းပဲ သင့်လျော်မျှတတဲ့ ဈေးနှုန်းများရရှိစေရေး၊ နောက် တည်ဆဲမြေယာဥပဒေများ ဆက်လက်တည်ရှိ အကာအကွယ်ပေးရေးနဲ့ ခေတ်ကာလနဲ့အညီ ပြင်ဆင်တိုးချဲ့ပြဋ္ဌာန်း အကာအကွယ်ပေးရေးကိစ္စတွေကိုလည်းပဲ လက်ရှိဆောင်ရွက်နေတဲ့အပြင် တောင်သူလယ်သမားများရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့ကိုလည်းပဲ အရှိန်အဟုန်နဲ့အကောင် အထည်ဖော်ဆောင်ရွက်ရေးကို ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ လက်ရှိကျွန်တော်တို့ နိုင်ငံတော်မှာ အကောင်အထည်ဖော်နေတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်း စဉ်ကြီး ရှစ်ရပ်မှာကျေးလက်မှာနေတဲ့ တောင်သူလယ်သမားကြီးများနဲ့ အဓိက ပါဝင်ပူးပေါင်း ဆောင်ရွက်ဖို့ အကျုံးဝင်လျက် ရှိပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ နိုင်ငံတော်လည်းပဲအကျိုးရှိ၊ လယ်သမားထု တစ်ရပ်လုံးလည်းပဲ လူနေမှုအဆင့်များ၊ အဆင့်အတန်းမြင့်မားမှုကို ဖော်ဆောင်နိုင် မယ့် တစ်စုတစ်စည်းတည်း စည်းလုံးညီညွတ်တဲ့ တောင်သူလယ်သမားအဖွဲ့ကြီးကို ဖွဲ့စည်းဖို့လိုအပ် နေပြီ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါ့ကြောင့် တစ်စုတစ်စည်းတည်း စည်းလုံးညီညွတ်တဲ့ တောင်သူလယ်သမား အဖွဲ့အစည်းကြီးကို နိုင်ငံတော်အစိုးရမှ ဦးဆောင်ပြီးတော့မှ အကောင်အထည်

ဖော်ဖွဲ့စည်းသွားရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါကြောင်းလေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဆန်း(ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်ဆွေဝင်းက တောင်သူလယ်သမားများနဲ့ ပတ်သက်ပြီး ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံက အကျိုးအကြောင်းနဲ့ ဆွေးနွေးပြောဆိုသွားတာကိုလည်းပဲ ကိုယ်စားလှယ်ကြီးများ ကြားသိခဲ့ကြပြီး ဖြစ်ပါတယ်။ ဦးဉာဏ်ဆွေဝင်း မေးသွားတဲ့ မေးခွန်းရဲ့အဓိက လိုရင်းအချက်ကတော့ တစ်စုတစ်စည်းတည်း စည်းလုံးညီညွတ်တဲ့ တောင်သူလယ်သမား အဖွဲ့အစည်းကြီးကို နိုင်ငံတော်အစိုးရမှ ဦးဆောင်၍အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ရှိ၊ မရှိ သိလိုတယ် ဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။ ဦးဉာဏ်ဆွေဝင်းရဲ့ ဒီမေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ပြောရေးဆိုခွင့်နဲ့ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများဟာ ကျွန်တော်တို့နိုင်ငံလူဦးရေ စုစုပေါင်းရဲ့ ၇၀ ရာခိုင်နှုန်းသော ပြည်သူများဖြစ်ကြပြီးတော့ နိုင်ငံရဲ့အဓိကအင်အားစုများဖြစ်ကြပါတယ်။ ဒါ့အပြင် နိုင်ငံတော်စီးပွားရေးအတွက် အဓိကကြတဲ့ကုန်ထုတ်စွမ်းအားစုများလည်း ဖြစ်ကြပါတယ်။ ဒါ့ကြောင့်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃ မှာ နိုင်ငံတော်အစိုးရအနေနဲ့ တောင်သူလယ်သမားများရဲ့ အခွင့်အရေးကို ကာကွယ်စောင့်ရှောက် ဖို့အတွက်လိုအပ်တဲ့ ဥပဒေတွေ ပြဋ္ဌာန်းဆောင်ရွက်သွားမှာဖြစ်တယ်။ တောင်သူလယ်သမားများက စိုက်ပျိုးထုတ်လုပ်တဲ့ ကောက်ပဲသီးနှံများကိုလည်းပဲ သင့်တင့်မျှတတဲ့ တန်ဖိုးရရှိအောင်ကူညီ ဆောင်ရွက်ပေးသွားမှာ ဖြစ်တယ်လို့ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အဲဒီပြဋ္ဌာန်းချက်များနဲ့အညီ တောင်သူလယ်သမားများရဲ့အခွင့်အရေးကို ဖော်ဆောင်ပေးနိုင်အောင်၊ တောင်သူလယ်သမားများရဲ့ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးနိုင်အောင် ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာတော့ တောင်သူလယ်သမားများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင်လည်း ဘက်စုံထောင့်စုံက ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ တောင်သူလယ်သမားများရဲ့ ထုတ်လုပ်တဲ့ သီးနှံများ သင့်တင့်မျှတတဲ့ဈေးနှုန်းတွေရအောင်လည်း ကူညီဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

အလားတူ တောင်သူလယ်သမားများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ဖို့ရာအတွက် အခြေခံကျတဲ့ သူတို့တစ်တွေရဲ့ အသိ၊ ဗဟုသုတမြင့်မားဖို့၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့တွေ အတွက်လည်း ကျွန်တော်တို့ ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ထို့အတူပဲ တောင်သူလယ်သမားများ အတွင်းမှာ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲတွေကြောင့် အချင်းချင်းသွေးကွဲပြီးတော့ ကျေးရွာများအတွင်း၊ ရပ်ကွက်များအတွင်း နိုင်ငံတော်အတွင်းမှာ စည်းလုံးညီညွတ်မှုပျက်ပြားတဲ့ အခြေအနေမျိုးတွေ မရောက်အောင်လည်း ကာကွယ်တားဆီး ဆောင်ရွက်ပေးရမှာပဲ ဖြစ်ပါတယ်။ တောင်သူလယ်သမား များရဲ့ အတွင်းမှာပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲတွေအပေါ်မှာ အခြေခံတဲ့ အယူအဆတွေ၊ အတွေးအခေါ်တွေ၊ စိတ်ထားမျိုးတွေ ဖြစ်ပေါ်မှုမရှိစေဘဲ တောင်သူလယ်သမားရဲ့ အကျိုး၊ အမျိုးသားရေးအကျိုး၊ အမျိုးသားအကျိုးစီးပွားအကျိုးကို အခြေခံတဲ့အယူအဆ၊ အတွေးအခေါ်၊ စိတ်နေစိတ်ထား ခံယူချက်တွေမြင့်မား ပေါ်ပေါက်နေအောင်လည်း ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ လယ်သမားများရဲ့ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ဖို့၊ လယ်သမားများရဲ့ အခွင့်အရေးကို ဖော်ဆောင်ပေးဖို့ ကူညီစောင့်ရှောက်ပေးမယ့် တောင်သူလယ်သမား အဖွဲ့အစည်းဖွဲ့စည်း ထူထောင်ဖို့ဆိုတာလည်းပဲလိုအပ်မှာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ အဲဒီလို အဖွဲ့အစည်းကို ထူထောင်ကြတဲ့အခါမှာ အနာဂါတ်ကိုမျှော်မှန်းကြည့်ဖို့လိုသလို၊ အတိတ်ကဖြစ်ခဲ့တဲ့ ဖြစ်စဥ်အခြေအနေများကိုလည်းပဲ လေ့လာသုံးသပ်ဖို့လိုအပ်မှာ ဖြစ်ပါတယ်။

အတိတ်ကဖြစ်စဥ်တွေကို ပြန်လည်ကြည့်မယ်ဆိုရင် ပါလီမန်ဒီမိုကရေစီခေတ်မှာ နိုင်ငံရေး ပါတီအသီးသီးက သူတို့ရဲ့ကိုယ်ပိုင် လယ်သမားအစည်းအရုံးတွေ အပြိုင်အဆိုင်ဖွဲ့စည်း စည်းရုံး ဆောင်ရွက်ခဲ့တာကို တွေ့ကြရမှာ ဖြစ်ပါတယ်။ သခင်သန်းထွန်း၊ သခင်စိုးတို့ ဦးစီးတဲ့ကွန်မြူနစ် များကလည်း တောင်သူလယ်မားသမဂ္ဂများ ထူထောင်ခဲ့ပါတယ်။သူတို့တစ်တွေ တောခိုသွားပြီတဲ့ နောက်မှာလည်းပဲ သူတို့စိုးမိုးတဲ့နယ်မြေတွေမှာ တောင်သူလယ်သမား သမဂ္ဂတွေဖွဲ့ပြီးတော့ လယ်ယာ မြေသိမ်းဆည်းရေးနှင့် ဝေခြမ်းရေးတွေလုပ်ခဲ့တာကိုလည်း တွေ့ကြရမှာဖြစ်ပါတယ်။ ထို့အတူပဲ အာဏာရ ဖဆပလပါတီကလည်း ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံး ဗတလစ ဆိုပြီးဖွဲ့စည်းဆောင်ရွက်ခဲ့တာကိုလည်း တွေ့ကြရမှာ ဖြစ်ပါတယ်။ အလားတူ ဖဆပလ အတွင်းမှာပါဝင် ခဲ့တဲ့ ဆိုရှယ်လစ်ပါတီက ဆိုရှယ်နီများ ကွဲထွက်ပြီးတဲ့နောက် ဆိုရှယ်နီများက ပမညတ ပြည်သူများရဲ့ စည်းလုံးညီညွတ်သော အမျိုးသားတပ်ပေါင်းစု ပါတီဆိုတာ ဖွဲ့ခဲ့ပါတယ်။ အဲဒီ ပမညတ ကလည်းပဲ ကျွန်တော်တို့ စည်းလုံးညီညွတ်သောတောင်သူလယ်သမားအဖွဲ့ United Peasant Origanization Burma UPO-B ဆိုပြီး ဖွဲ့စည်းဆောင်ရွက်ခဲ့တာလည်းတွေ့ရမှာ ဖြစ်ပါတယ်။ အဲဒီနောက်မှာတော့

အာဏာရဖဆပလပါတီအတွင်း တည်မြဲ၊ သန့်ရှင်းကွဲတဲ့အခါမှာ ဖဆပလ ကဖွဲ့စည်းခဲ့တဲ့ ဗတလစ ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား အစည်းအရုံးကြီးကလည်း နှစ်ခြမ်းကွဲခဲ့ပါတယ်။ ဗဟိုမှာ နှစ်ခြမ်းကွဲသလို ခရိုင်မြို့နယ်မှာ ဖွဲ့စည်းထားတဲ့ ဗတလစများကလည်းကွဲပါတယ်။ အဲဒီလို ကွဲပြီးတဲ့ အခါမှာ မိမိတို့အချင်းချင်း ပဋိပက္ခတွေဖြစ်ပွား၊ ခိုက်ရန်မှုတွေဖြစ်ပွား၊ သွေးထွက်သံယိုမှုတွေ ဖြစ်ပွားတဲ့အထိ ဖြစ်ပေါ်ခဲ့တာတွေကို ကျွန်တော်တို့ တွေ့ရှိကြရပါတယ်။ ဒါ့ကြောင့် အဲဒီလို ပုဂ္ဂိုလ် စွဲ၊ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲတွေနဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့တဲ့အတွက် တောင်သူလယ်သမားများရဲ့ အရေး၊ တောင်သူလယ်သမားများရဲ့အကျိုး၊ နိုင်ငံ့ရဲ့အကျိုးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့တာ နည်းပြီးတော့ တောင်သူလယ်သမားများအတွင်းနှင့် အတွင်းမှာသာ စည်းလုံးမှုပျက်ပြား သဘောထား တွေ ကွဲပြားမှုတွေသာ ဖြစ်ပေါ်ခဲ့တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ အဲဒီနောက် လမ်းစဉ်ပါတီ လက်ထက်မှာ တောင်သူလယ်သမားထုကြီး တစ်ရပ်လုံးအတွက် တစ်စုတစ်စည်းတည်းစည်းလုံး ညီညွတ်သော တောင်သူလယ်သမား အစည်းအရုံးဖွဲ့စည်း ဆောင်ရွက်ခဲ့တာကိုလည်း ကျွန်တော်တို့ လေ့လာကြဖို့လိုမှာဖြစ်ပါတယ်။ အဲဒီလို တစ်စုတစ်စည်းတည်းသော တောင်သူလယ်သမားအစည်း အရုံးကို ဖွဲ့စည်းဆောင်ရွက်ခဲ့တဲ့အခါမှာ ဗဟိုချုပ်ကိုင်မှုလွန်ကဲမှုတွေနဲ့ တစ်ဖွဲ့တည်းသောအဖွဲ့ ဖွဲ့စည်း ဆောင်ရွက်ခြင်းစတဲ့ အခြေအနေအရပ်ရပ်တွေကြောင့် တောင်သူလယ်သမားများရဲ့ အကျိုးနဲ့လိုအပ် ချက်တွေကို ဖော်ဆောင်ဆောင်ရွက်ပေးနိုင်မှု အားနည်းခဲ့တာကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပါလီမန်ဒီမိုကရေစီခေတ်မှာ တောင်သူလယ်သမားများ အတွင်း အဲဒီလိုအကွဲကွဲအပြဲပြဲ ဖြစ်ခဲ့သလို အခြားသောအလုပ်သမားလူတန်းစားနဲ့ ကျောင်းသားထု အတွင်းမှာလည်း အလားတူကွဲပြဲမှုတွေဖြစ်ခဲ့တာ ကျွန်တော်တို့တွေ့ရမှာ ဖြစ်ပါတယ်။ အလုပ်သမားထု အတွင်းရဲ့အခြေအနေကို ကြည့်မယ်ဆိုရင် သခင်သန်းထွန်း၊ သခင်စိုးတို့ဦးစီးတဲ့ ကွန်မြူနစ်များက လည်း အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြပါတယ်။ သူတို့တစ်တွေ တောခိုသွားပြီးတဲ့ နောက်မှာလည်းပဲ အဲဒီသူတို့ ဖွဲ့စည်းထားတဲ့ အလုပ်သမားသမဂ္ဂများကို ထိန်းချုပ်လျှို့ဝှက်ညွှန်ကြား ပြီးတဲ့အခါမှာ မြေပေါ်မှာ ဆူပူအုံကြွမှုတွေ၊ ဆန္ဒပြမှုတွေဖြစ်ပေါ်အောင် ဆောင်ရွက်ခဲ့တာကိုလည်း တွေ့ကြရမှာဖြစ်ပါတယ်။ အလားတူအာဏာရ ဖ.ဆ.ပ.လ အစိုးရကလည်းပဲ သူ့ရဲ့ကျွန်တော်တို့ TUCB လို့ခေါ်တဲ့ Trade Union Congress Burma ဆိုတဲ့ အလုပ်သမားသမဂ္ဂများ ကွန်ဂရက်ဖွဲ့စည်း ဆောင်ရွက်ခဲ့တာတွေ့ရမှာ ဖြစ်ပါတယ်။ အလားတူ ပမညတပါတီကလည်းပဲ TUCB ရဲ့ ပြောင်းပြန် BTUC Burma Trade Congress Union ဆိုပြီးတော့ ဆောင်ရွက်ခဲ့တာကိုလည်း တွေ့ရမှာ ဖြစ်ပါ တယ်။ အဲဒီနောက် သန့်ရှင်း၊ တည်မြဲ ဖဆပလအဖွဲ့ကြီးမှာ သန့်ရှင်းတည်မြဲ ကွဲပြီးတဲ့အခါမှာတော့

TCUB က တည်မြဲနဲ့အတူကျန်ရစ်ခဲ့ပါတယ်။ ဒါ့ကြောင့် သန့်ရှင်းအဖွဲ့များက ကျွန်တော်တို့ ULO လို့ ခေါ်တဲ့ Union Labour Organization ဆိုပြီးဖွဲ့စည်းဆောင်ရွက်ခဲ့တာကိုလည်းတွေ့ကြရမှာဖြစ်ပါ တယ်။ ဒါတွေဒီလိုဆောင်ရွက်ခဲ့တဲ့အတွက် အလုပ်သမားများအတွင်းမှာလည်းပဲ စည်းလုံးညီညွတ်မှု တွေ ပျက်ပြားခဲ့တဲ့အနေအထားကို တွေ့ရမှာဖြစ်ပါတယ်။

တစ်ခါ ကျောင်းသားထုအတွင်းကို ကြည့်မယ်ဆိုရင် လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလ ၁၉၃၀ ခုနှစ်လောက်ကတည်းကစပြီး တိုင်းပြည်လွတ်လပ်ရေးကို ဖော်ဆောင်နိုင်ဖို့အတွက် ရန်ကုန် တက္ကသိုလ်မှာ တကသရန်ကုန်ကျောင်းသားများ၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂကို ဖွဲ့စည်း ထူထောင်လှုပ်ရှားခဲ့ကြပါတယ်။ တစ်ခါဒုတိယ ကမ္ဘာစစ်ပြီးတဲ့နောက် လွတ်လပ်ရေးကြိုးပမ်းမှုတွေ ပိုမိုပြီးတော့ များပြားလာတဲ့အခါမှာ တကသ သာမက ဗကသ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂကို ဖွဲ့စည်းလှုပ်ရှားဆောင်ရွက်ခဲ့ကြပါတယ်။ ဒါတင်မကဘဲနဲ့ ရန်ကုန်ခရိုင်ကျောင်းသားများ သမဂ္ဂ ရကသဆိုတာလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့ကြပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ သတိပြု မြင်စေချင်တာက တကသကျောင်းကို အခြေခံတဲ့ ကျောင်းသားသမဂ္ဂများသာမကတော့ဘဲနဲ့ ခရိုင်တွေ၊ မြို့နယ်တွေကိုအခြေခံတဲ့ ကျောင်းသားသမဂ္ဂများပါဆိုတာကိုသာ ဖွဲ့စည်းလာတာတွေကို တွေ့ရမှာ ဖြစ်ပါတယ်။ အဲဒီလိုပါပဲ မြန်မာနိုင်ငံအနှံ့ ခရိုင်၊ မြို့နယ်များမှာလည်းဘဲ ကျောင်းသားသမဂ္ဂများ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြတာကို ကျွန်တော်တို့တွေ့ရပါတယ်။ တစ်ခါလွတ်လပ်ရေးရခါနီးနဲ့ လွတ်လပ် ရေးရပြီးနောက်ပိုင်း ရောက်တဲ့အခါကြတော့ နိုင်ငံရေးသမားများဟာ မိမိတို့ရဲ့ အင်အားရရှိရေးနဲ့ မိမိတို့လိုအပ်သလို အသုံးပြုနိုင်ရေးအတွက် ကျောင်းသားထုအတွင်း ဝင်ရောက်ပြီးတော့ စည်းရုံး ဆောင်ရွက်ခဲ့ကြတာတွေကိုလည်း တွေ့ရပါတယ်။ ကျွန်တော်တို့ သခင်သန်းထွန်းဦးစီးတဲ့ ဗကပက ကျောင်းသားတပ်ဦးဆိုပြီး ဖွဲ့စည်းလှုပ်ရှားခဲ့ပါတယ်။ သခင်စိုးဦးစီးတဲ့ ဗကပကတော့ ကျောင်းသား တပ်ဦးသစ်ဆိုပြီးတော့ ဖွဲ့စည်းလှုပ်ရှားလာခဲ့ပါတယ်။ ဦးကျော်ငြိမ်းရဲ့ ဖဆပလကတော့ DSO Democratic Student Organization ကျောင်းသား ရဲခေါင်ဆိုပြီးတော့ ဖွဲ့စည်းလှုပ်ရှားခဲ့ ကြပါတယ်။ ထို့အတူပါပဲ ပမညတတုန်းကလည်း ဗကပများ အဖွဲ့ချုပ်လို့ ဒီလိုဖွဲ့စည်းပြီးတော့ စည်းရုံးလှုပ်ရှားဆောင်ရွက်ခဲ့ကြတာကို ကျွန်တော်တို့တွေ့ရမှာပါ။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့အခုလို လူထုလူတန်းစား အဖွဲ့အစည်းတွေ ဖွဲ့စည်းဆောင်ရွက်ကြတော့မယ် ဆိုတဲ့အခါမှာ အတိတ်က သင်ခန်းစာတွေကိုရယူပြီး အနာဂတ်အတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားဖို့လိုအပ်မှာ ဖြစ်တယ်လို့ ပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုဆောင်ရွက်ကြတဲ့အခါမှာ ကျွန်တော်တို့ပြည်တွင်း ဖြစ်စဉ်အခြေအနေများကိုသာမက ကမ္ဘာ့အရပ်ရပ်ရဲ့အခြေအနေများကို လည်းလေ့လာ သုံးသပ်ဖို့လိုအပ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာအရပ်ရပ်ရဲ့တောင်သူလယ်သမားအဖွဲ့အစည်းတွေ ဖွဲ့စည်းမှုကို အနည်းငယ် အကျဉ်းချုပ် ကျွန်တော် ပြောကြားလိုပါတယ်။ အမေရိကန်နိုင်ငံမှာ လယ်သမားများအနေနဲ့ ဒေသအလိုက်ဖွဲ့စည်းမှု ဥပမာ- တက္ကဆတ်ပြည်နယ်လယ်သမားအဖွဲ့ဆိုတာ မျိုးရှိသလို စိုက်ပျိုးသီးနှံအလိုက်ဖွဲ့စည်းမှု ဥပမာ- ပြောင်းစိုက်ပျိုးသူများအသင်း National Corn Grower Association ဆိုပြီးဖွဲ့စည်းဆောင်ရွက်တာလည်းတွေ့ရပါတယ်။ ဒါ့အပြင် American Farmers Association ဆိုတာလည်းဖွဲ့စည်းဆောင်ရွက်ပြီးတော့ လယ်သမားများရဲ့အကျိုးအတွက် အထောက်အပံ့ပြုရေး၊ လယ်သမားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေး၊ လယ်သမားအကျိုး စီးပွားအတွက်လိုအပ်တဲ့ ဥပဒေများပေါ်ထွန်းလာရေးတို့ကို ကျွန်တော်တို့ တိုက်တွန်းဆောင်ရွက်တယ်လို့ ကျွန်တော်တို့ ဒီလိုသိရှိရပါတယ်။ အလားတူပါပဲ ဩစတြေးလျနိုင်ငံမှာလည်း National Farmers Federation (NFF)ကိုဖွဲ့စည်းပြီးတော့ လယ်သမားမူဝါဒတွေချမှတ်နိုင်ဖို့၊ လယ်သမားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ဖို့၊ လယ်သမားအကျိုးစီးပွားဥပဒေတွေ ပြဋ္ဌာန်းနိုင်ဖို့ အဆိုပြုနိုင်ရေးတို့ကို တိုက်တွန်းဆောင်ရွက်တယ်လို့လည်း သိရပါတယ်။ ဆွီဒင်နိုင်ငံမှာတော့ Federation of Swedish Farmers ဆိုတဲ့ NGO အဖွဲ့ကို ဖွဲ့တယ်လို့သိရပါတယ်။ သူ့မှာတော့ NGO လို့ဒီလိုရေးသားဖော်ပြထားတာ ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒီအဖွဲ့ကတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်တဲ့မူဝါဒတွေနဲ့ ဥပဒေများပေါ်ပေါက်ရေး၊ လယ်သမားများကို နည်းပညာအရည်အချင်း အကူအညီပံ့ပိုးမှုတွေပေးရေး ဒါတွေကို ဆောင်ရွက်တယ်လို့ ဆိုပါတယ်။ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံမှာတော့ Thai Farmers Association TFA နဲ့ Farmers Fedration of Thailand ဆိုတဲ့ အဖွဲ့နှစ်ဖွဲ့ရှိတာကိုလည်း တွေ့ရပါတယ်။ မလေးရှားနိုင်ငံမှာတော့ National Farmers Association NAFAS ဆိုပြီးဖွဲ့စည်း ဆောင်ရွက်တာတွေ့ရပါတယ်။ ဒီမလေးရှားမှာ ဖွဲ့စည်းဆောင်ရွက်မှုကတော့ Farmers Association Act (1967)နဲ့ Farmers Association Act (1973) တို့အရ ဖွဲ့စည်းထားတာကို တွေ့ရပါတယ်။ ဒီလိုဆောင်ရွက်မှုတွေကိုလည်းပဲ ကျွန်တော်တို့တစ်တွေ ကျယ်ကျယ်ပြန့်ပြန့် လေ့လာသုံးသပ်စဉ်းစားပြီးတော့ ဆောင်ရွက်ကြဖို့လိုမှာဖြစ်တယ်လို့ ဆွေးနွေးလိုပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အနေနဲ့ တောင်သူလယ်သမားအဖွဲ့အစည်း တစ်ရပ်ထူထောင်ရာမှာ ပြည်တွင်းပြည်ပ အတွေ့အကြုံတွေ၊ အတိတ်ကသင်ခန်းစာတွေကို လေ့လာဖော်ထုတ်ပြီး မိမိနိုင်ငံနဲ့ လူမျိုးအတွက် အနာဂတ်မှာ အကောင်းဆုံးဖြစ်အောင် စီမံဆောင်ရွက်သွားကြရမှာပဲ ဖြစ်ပါတယ်။

လွတ်လပ်ရေးမရမီနဲ့ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်တွင်းမှာဖြစ်ပျက်ခဲ့တဲ့ တောင်သူလယ်သမား၊ အလုပ်သမား၊ ကျောင်းသားကိုယ်စားပြု အဖွဲ့အစည်းများရဲ့ အကွဲအပြဲမျိုးတွေ၊ နိုင်ငံရေးသမားများရဲ့ အသုံးချခံဖြစ်ရတဲ့ အခြေအနေမျိုးတွေကို ထပ်မံမကြုံတွေ့ရအောင် စနစ်တကျ စီမံဆောင်ရွက်ဖို့လည်း လိုအပ်မှာ ဖြစ်ပါတယ်။ အမှန်တကယ်တောင်သူလယ်သမားရဲ့ အကျိုးစီးပွားနဲ့ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မယ့် တောင်သူလယ်သမားများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်တဲ့ တောင်သူလယ်သမားများရဲ့ အသိပညာ၊ လူ့စွမ်းအား အရင်းအမြစ်တွေကို မြှင့်တင်ဖော်ဆောင်ပေးနိုင်တဲ့ အဖွဲ့အစည်းမျိုးပဲ ဖြစ်သင့်တယ်လို့ ယူဆပါတယ်။

ဒါ့ကြောင့် ကျွန်တော်တို့အနေနဲ့ တောင်သူလယ်သမားအဖွဲ့အစည်းတစ်ရပ် ထူထောင်ရန်မှာ ပြည်တွင်း ပြည်ပအတွေ့အကြုံတွေ၊ အတိတ်ကသင်ခန်းစာတွေ လေ့လာဖော်ထုတ်ပြီး မိမိနိုင်ငံနဲ့ လူမျိုးအတွက် အနာဂါတ်မှာ အကောင်းဆုံးဖြစ်အောင် စီမံဆောင်ရွက်သွားကြရမှာပဲ ဖြစ်ပါတယ်။ လွတ်လပ်ရေးမရမီနဲ့ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်တွင်းမှာဖြစ်ပျက်ခဲ့တဲ့ တောင်သူလယ်သမား၊ အလုပ်သမား၊ ကျောင်းသားကိုယ်စားပြု အဖွဲ့အစည်းများရဲ့ အကွဲအပြဲမျိုးတွေ၊ နိုင်ငံရေးသမားများရဲ့ အသုံးချခံဖြစ်ရတဲ့ အခြေအနေမျိုးတွေ ထပ်မံမကြုံတွေ့ရအောင် စနစ်တကျစီမံဆောင်ရွက်ဖို့လည်း လိုအပ်မှာ ဖြစ်ပါတယ်။ အမှန်တကယ် တောင်သူလယ်သမားရဲ့ အကျိုးစီးပွားနဲ့ အမျိုးသား အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မယ့် တောင်သူလယ်သမားရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ပေးနိုင်တဲ့ တောင်သူလယ်သမားများရဲ့ အသိပညာလူ့စွမ်းအားအရင်းအမြစ်တွေကို မြှင့်တင်ဖော်ဆောင်ပေးနိုင်တဲ့ အဖွဲ့အစည်းမျိုးပဲဖြစ်သင့်တယ်လို့ ယူဆရပါတယ်။ မြို့ ရွာ၊ ရပ်ကွက်များအတွင်း၊ မြို့နယ်များအတွင်း၊ နိုင်ငံအတွင်း လယ်သမားများ စိတ်ဝမ်းကွဲပြားပြီး စည်းလုံးမှုပျက်ပြားမှုကို ကာကွယ်ထိန်းသိမ်းပေးရမှာ ဖြစ်တယ်လို့ပဲ ပြောကြားလိုပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အနေနဲ့ တောင်သူလယ်သမားကိုယ်စားပြု အဖွဲ့အစည်းတစ်ရပ်ဖွဲ့စည်းရေးအတွက် မိမိနိုင်ငံရဲ့ အတိတ်သမိုင်းအတွေ့အကြုံ၊ ယနေ့နိုင်ငံနဲ့ပြည်သူရဲ့ ပကတိအရှိတရားအခြေအနေ၊ အခြားနိုင်ငံများရဲ့ ဖွဲ့စည်းဆောင်ရွက်နေမှုအခြေအနေ၊ အားသာအားနည်းချက်များကို အသေးစိတ်သုံးသပ်ပြီး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ တောင်သူလယ်သမားရဲ့ ရေရှည်အနာဂတ် အကျိုးစီးပွားအတွက် ခိုင်မာပြည့်စုံအောင် လေ့လာသုံးသပ်ညှိနှိုင်းပြီး လိုအပ်တဲ့ဥပဒေများ စတင်ရေးဆွဲခြင်း၊ အဲဒီဥပဒေများကို လုပ်ထုံးလုပ်နည်းနဲ့အညီ လွှတ်တော်သို့ တင်ပြပြီး အတည်ပြုပြဋ္ဌာန်းခြင်း၊ ပြဋ္ဌာန်းလိုက်တဲ့ဥပဒေနဲ့အညီ တောင်သူလယ်သမားကိုယ်စားပြု အဖွဲ့အစည်းများ ဖွဲ့စည်းခြင်းစသည်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားရမှာဖြစ်ကြောင်းနဲ့ ဥပဒေပြဋ္ဌာန်းပြီးတဲ့

အချိန်မှာမှ အဲဒီဥပဒေနှင့်အညီ စနစ်တကျဖွဲ့စည်းဆောင်ရွက် ပေးသွားရမှာဖြစ်ကြောင်း ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းမေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်းဆုမွန် ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကြယ်ပွင့်ပြ မေးခွန်းများအား မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်း ဒေသကြီး၊မင်္ဂလာဒုံမြို့နယ်မှာ ပုဂ္ဂလလုပ်ငန်းရှင်များ၊ ပုဂ္ဂလကစက်ရုံများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ တည်ရှိပါတယ်။ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းစဉ်များ လျင်မြန်ချောမွေ့စေရန်အတွက် မြန်မာ့စီးပွားရေးဘဏ်ခွဲတစ်ခု ဖွင့်လှစ်ပေးပါရန်နှင့် ဖွင့်လှစ်ပေးနိုင်မှု ရှိ၊ မရှိ။ ရှိပါက မည်သည့် အချိန်ကာလတွင် ဖွင့်လှစ်ပေးမည်။ မရှိပါက မည်သည့်အကြောင်းကြောင့် မဖွင့်လှစ်နိုင်ခြင်းကို ဖြေကြားပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဝင်းရဲ့ မင်္ဂလာဒုံမြို့နယ်မှာ မြန်မာ့စီးပွားရေးဘဏ်ခွဲတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိနဲ့ ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်။ မရှိပါက မည်သည့် အတွက်ကြောင့် မဆောင်ရွက်ပေးနိုင်သည်ကို ဖြေကြားပေးရန်မေးခွန်းနှင့် ပတ်သက်ပြီး ကျွန်တော် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းသန်းမှ ပြန်လည်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးတင်ပြထားတဲ့အတိုင်း မင်္ဂလာဒုံမြို့နယ်မှာ ပုဂ္ဂလိကလုပ်ငန်းကြီးများ၊ စက်ရုံ၊ အလုပ်ရုံများ၊ တပ်ရင်းတပ်ဖွဲ့များနှင့် ပင်စင်စားပုဂ္ဂိုလ် အများအပြားတို့ရှိနေတာကြောင့် ဘဏ်ခွဲတစ်ခု ဖွင့်လှစ်ဖို့ အမှန်တကယ် လိုအပ်လျက်ရှိပါတယ်။ တစ်ဆက်တစ်စပ်တည်း တင်ပြရမယ်ဆိုရင် မြန်မာ့စီးပွားရေးဘဏ်၊ အင်းစိန်ဘဏ်ခွဲဟာလည်း

အင်းစိန်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရုံးဝင်းအတွင်းမှာရှိတဲ့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနပိုင် နှစ်ထပ်အဆောက်အအုံရဲ့ အောက်ထပ်မှာ အခန်းနှစ်ခန်းကို ငှားရမ်းဖွင့်လှစ်လျက်ရှိတဲ့အခါဝန်ထမ်းဦးရေ ၉၆ ဦးနဲ့ လုပ်ငန်းဆောင်ရွက်ရတဲ့အတွက် ဝန်ဆောင်မှုလုပ်ငန်းများကောင်းမွန်စွာ ဆောင်ရွက်နိုင်ဖို့အတွက် နေရာကျဉ်းကျပ်မှုဖြစ်ပေါ်လျက် ရှိပါတယ်။ ဒါ့အပြင် အင်းစိန်ဘဏ်ခွဲမှာ ပင်စင်လစာထုတ်ယူတဲ့ အငြိမ်းစားဦးရေ (၃၄၁၄၈)ဦးရှိတဲ့အနက် မင်္ဂလာဒုံမြို့နယ်အတွင်းမှာ ပင်စင်လစာထုတ်ယူသူ အငြိမ်းစားဦးရေ ၈၆၀၀ ကျော်ရှိတဲ့အတွက် သက်ကြီးရွယ်အိုပင်စင်စားများအနေနဲ့ မိမိတို့ရဲ့ပင်စင်လစာများ ထုတ်ယူတဲ့အခါမှာ ဝေးလံစွာသွားရလာရခြင်း မရှိဘဲသွားလာရေးလွယ်ကူစေဖို့၊ နောက်တစ်ချက်အနေနဲ့ ကျွန်တော်တို့ မင်္ဂလာဒုံမြို့နယ်အတွင်းမှာရှိတဲ့ဘဏ်နဲ့ဆက်သွယ်ပြီး ငွေရေးကြေးရေးလုပ်ငန်း ဆောင်ရွက်လိုသူများအနေနဲ့လည်း ဘဏ်နဲ့အလွယ်တကူ ဆက်သွယ်ဆောင်ရွက်နိုင်စေဖို့တို့အပြင် အင်းစိန်ဘဏ်ခွဲအနေနဲ့လည်း ဘဏ်လုပ်ငန်းများ ဆောင်ရွက်ရာမှာ ပိုမိုလျှင်မြန်စွာ ဝန်ဆောင်မှုပေးနိုင်ဖို့တို့ကို ရည်ရွယ်ပြီးတော့ မင်္ဂလာဒုံမြို့နယ်အတွင်းမှာ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲတစ်ခုဖွင့်လှစ်နိုင်ရေးကို စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမယ့် မင်္ဂလာဒုံမြို့နယ်အတွင်း ဘဏ်ခွဲဖွင့်လှစ်ဖို့ သင့်တော်တဲ့နေရာကို ရှာဖွေခဲ့တဲ့အခါမှာ မင်္ဂလာဒုံဈေးလမ်းမှာရှိတဲ့ တပ်မတော်ပိုင် နှစ်ခန်းတွဲအဆောက်အအုံရဲ့ လစ်လပ်နေတဲ့အခန်းတစ်ခန်းကိုသာ တွေ့ရှိခဲ့တဲ့အတွက် အခြားသင့်တော်မယ့်နေရာကို ထပ်မံရှာဖွေရေးစီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ ယခုအခါမှာ မင်္ဂလာဒုံဘဏ်ခွဲအတွက် မင်္ဂလာဒုံမြို့နယ်အမှတ်(၃) အမြန်လမ်းမကြီးပေါ်မှာရှိတဲ့ လူဝန်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနဲ့ မြန်မာ့ဆက်သွယ်ရေးရုံးတို့အကြားမှာ ပေ ၁၀၀ ပတ်လည်မြေကွက်ကိုရရှိပြီး ဖြစ်တဲ့အတွက် ဘဏ်ခွဲအဆောက်အအုံ ဆောက်လုပ်ပြီး ဘဏ်ခွဲဖွင့်လှစ်ဖို့ အစီအမံများဆောင်ရွက်လျက် ရှိပါတယ်။ ဒါ့ကြောင့်မို့ မင်္ဂလာဒုံမြို့နယ်ဘဏ်ခွဲ ဖွင့်လှစ်ဖို့အတွက် သက်ဆိုင်ရာဌာနများနဲ့ညှိနှိုင်းဆောင်ရွက်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ဘဏ်ခွဲအဆောက်အအုံ ဆောက်လုပ်ပြီ ဘဏ်ခွဲတစ်ခု ဖွင့်လှစ်ပေးသွားဖို့ အစီအစဉ်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးသူရိန်ဇော်အား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသူရိန်ဇော်(ကော့ကရိတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ကရင်ပြည်နယ် ကော့ကရိတ်မဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသူရိန်ဇော် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလို့တဲ့မေးခွန်းကတော့ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်နဲ့ လှိုင်းဘွဲ့မြို့နယ်

နှစ်မြို့နယ်အတွင်းမှာ ဖြတ်သန်းသွားမယ့် အောက်ဗိုလ်တဲ-နဘူး-ထန်းတပင်-တာပေါင်-ထီလုံလမ်းကို အမြန်ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ရေးပဲ ဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ မြဝတီ၊ ကော့ကရိတ်၊ ဘားအံလမ်းမကြီး ပေါ်မှာရှိတဲ့ အောက်ဗိုလ်တဲကနေပြီးတော့ နဘူး-ထန်းတပင်-တာပေါင်-ထီလုံလမ်း မိုင်အားဖြင့် ၅၄ မိုင် ၂ ဖာလုံ အား အရင်တပ်မတော်အစိုးရလက်ထက် အထူးစီမံကိန်းကြီးများမှာ ပါဝင်ပြီးဖြစ်ပါတယ်။ ၎င်းလမ်းကို အခုအခါမှာ မြေသားတာပေါင်တင်ခြင်း၊ တောရှင်းခြင်း၊ သစ်ပင်ခုတ်ခြင်းများအပြင် လမ်းပေါ်မှာရှိတဲ့ အရှည်ဆုံးတံတားဖြစ်တဲ့ အတာချောင်းတံတားကို ဆောက်လုပ်ပြီးစီးပြီးဖြစ်ပါတယ်။ အဆိုပါ လမ်းပြီးစီးသွားပါက လက်ရှိရှိနေတဲ့ မြဝတီ-ကော့ကရိတ်-ဘားအံလမ်းမကြီးနဲ့ အပြိုင်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကြီး တစ်ခုပေါ်ပေါက်လာမှာဖြစ်ပြီးတော့ ကရင်ပြည်နယ်အတွင်း ယခင်ကငြိမ်းချမ်းမှုမရရှိတဲ့အတွက်ကြောင့် ဖွံ့ဖြိုးတိုးတက်မှုများရရှိလာမှာ ဖြစ်တဲ့အတွက် လက်ရှိနိုင်ငံတော် အစိုးရရဲ့စေတနာကို ကရင်ပြည်နယ်ပြည်သူလူထုအနေနဲ့ သိသာထင်ရှားစွာ သိမြင်လာနိုင်မှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကော့ကရိတ်မြို့နယ်နဲ့ လှိုင်းဘွဲ့မြို့နယ်နှစ်ခုကို ဖြတ်သန်းသွားပြီးတော့ ဘားအံမြို့နယ်အတွင်းကို ဝင်ရောက်သွားမယ့် နဘူး-ထန်းတပင်-တာပေါင်-ထီလုံလမ်း ၅၄ မိုင် ၂ ဖာလုံ အမြန်ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ပါရန်နှင့် မည်သည့်အချိန်တွင် ပြီးစီးမည်ကိုလည်း သိရှိလိုပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းဦး(မြဝတီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေကြောင်း ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ မြဝတီ-ဘားအံလမ်းအပိုင်းနဲ့ ပတ်သက်တဲ့ကိစ္စပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့စီးပွားရေးအချက်အခြာကျတဲ့ ရန်ကုန်မြို့နဲ့ ဆက်သွယ်နိုင်တဲ့ နယ်စပ်ဝင်ပေါက်များအနက် မြဝတီ-ဘားအံ-ရန်ကုန်လမ်းဟာ အတိုဆုံးလမ်း ဖြစ်ပါတယ်။ စီးပွားရေးကဏ္ဍက ကြည့်မယ်ဆိုရင် မဟာဗျူဟာမြောက်လမ်းဖြစ်တာ မည်သို့မှ မငြင်းဆိုနိုင်သော အချက်ဖြစ်ပါတယ်။ မြဝတီ-ဘားအံ-ရန်ကုန်လမ်း တစ်လျှောက်ကိုကြည့်ရင် ဘားအံ-ရန်ကုန်လမ်းသည် အလွန်အဆင်ပြေစွာ သွားလာနိုင်ပြီဖြစ်သဖြင့် ငါးနာရီ၊ ခြောက်နာရီအတွင်း ခရီးပေါက်နိုင်ပြီ ဖြစ်ပါတယ်။ ဒါကိုလည်း ဒေသခံများက နိုင်ငံတော်အပေါ် အလွန်ကျေးဇူးတင်နေ ကြောင်းသိရှိရကြောင်း သိရှိရပါတယ်။ မြဝတီ-ဘားအံခန့်မှန်း မိုင် ၁၀၁

မိုင်မှကြတော့ ယခု မိုးရာသီမှာ ပို၍ပင်အခြေအနေ ဆိုးလာတာတွေ့ ရပါတယ်။ သို့ဖြစ်ပါ၍ မြဝတီ-ဘားအံလမ်းပိုင်းအား-

(၁) မည်သည့်ကုမ္ပဏီ သို့မဟုတ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှာ တာဝန်ယူဆောက်လုပ်နေကြောင်း၊

(၂) စီမံကိန်းစတင်ချိန်နှင့် ပြီးဆုံးချိန်ကိုသိလိုပါကြောင်း ၊

(၃) နှစ်ရှည်လုပ်ငန်းပြီးဆုံးရမယ့်ပမဏာနှင့် အရည်အသွေးစိစစ်ကြီးကြပ်မှု ရှိ၊မရှိနှင့်

(၄) စီမံကိန်းမပြီးမီ လမ်းအသုံးပြုခ ကောက်ခံ၍ရ၊မရသိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခုလည်း တချို့လည်း ဝမ်းလျှော ဝမ်းပျက်၊ တချို့လည်း အအေးမိ၊ တုတ်ကွေး ဖြစ်နေတာရှိပါတယ်။ အားလုံးလည်း ဒီအစည်းအဝေး ခန်းမထဲမှာ ချောင်းတွေ ဘာတွေဆိုး နေပါတယ်။ ဒါ့ကြောင့်မို့လို့ မိမိရဲ့ကျန်းမာရေး အခြေအနေပေါ် မူတည်ပြီးတော့ ခေတ္တခွင့်တိုင်နားနေလို့လည်း ရပါတယ်။ ဆက်လက်ပြီး လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်းအား ဖိတ်ခေါ်ပါတယ်။

**ဦးဌေးဝင်း(လယ်ဝေးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွဖိတ်ကြားထားသော ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ လယ်ဝေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး အောင်မြင်စွာဖောက်လုပ်နိုင်ခြင်းဟာ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ဂုဏ်ယူဖွယ်ရာ အောင်မြင်မှုတစ်ခုဖြစ်သလို ခရီးသွားလာမှုနဲ့ ကုန်စည်စီးဆင်းမှုအတွက်လည်း အလွန်အကျိုးရှိတဲ့ လုပ်ငန်းတစ်ခုပဲ ဖြစ်ပါတယ်။ ထို့အတူ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ဂုဏ်ယူဖွယ်ရာ သမိုင်းမှတ်တိုင်ကြီးတစ်ခုလည်း တည်ရှိနေမှာဖြစ်ပါတယ်။ ယခု ကျွန်တော် တင်ပြလိုတဲ့ကိစ္စကတော့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲယာရှိတဲ့ကျေးရွာများမှာ နေထိုင်တဲ့ ဒေသခံပြည်သူတွေနဲ့ ပတ်သက်တဲ့ကိစ္စ ဖြစ်ပါတယ်။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးရဲ့ ဘေးဝဲယာမှာရှိတဲ့ ကျေးလက်ဒေသများဟာ နဂိုမိမိတို့ ကျေးလက်ဒေသနဲ့ မြို့ပြဆက်သွယ်ရေး လမ်းများ ကျေးလက်ဒေသချင်းဆက်သွယ် ရေးလမ်းကြောင်းများရှိပြီး ဖြစ်ပါတယ်။ သို့သော် အမြန်လမ်းမကြီး ဖောက်လုပ်လိုက်တဲ့ အခါမှာ အဲဒီလမ်းကြောင်းတချို့ဟာ ပိတ်ဆို့လိုက်သလို

ဖြစ်သွားတဲ့ အနေအထားရှိပါတယ်။ နောက်ကျွန်တော်တို့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို ဖြတ်ဖို့ဟာလည်း သတ်မှတ်ထားတဲ့ Under Pass များကသာ ဖြတ်သန်းရတာ ဖြစ်ပါတယ်။ လက်ရှိအနေအထားအရ သတ်မှတ်ထားတဲ့ Under Pass များနဲ့ နဂိုမူလလမ်းဟောင်းများကို ဆက်သွယ်ထားတဲ့ လမ်းများမရှိခြင်းကြောင့် ကျွန်တော်တို့ ဒေသခံပြည်သူတွေဟာ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကိစ္စများအတွက် ဖြတ်သန်းရာမှာလည်းကောင်း၊ အချို့ကျေးရွာများမှာ ဆိုရင် နာရေးကိစ္စများဆောင်ရွက်ရတာ တောင်မှအတော်များ အခက်အခဲရှိနေတဲ့ အနေအထား ရှိပါတယ်။ အဲဒါကြောင့် ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ မူလဆက်သွယ်ရေးလမ်းဟောင်း များနဲ့ လမ်းဖြတ်တံတား Under Pass တို့ဆက်သွယ်သည့် လမ်းကြောင်းများ ဖောက်ပေးနိုင်ခြင်း ရှိ၊ မရှိ။ နောက်ကျွန်တော်တို့ သက်ဆိုင်ရာကျေးရွာများ၌ Under Pass များသို့ ဆက်သွယ်တဲ့လမ်းများ ဖောက်ပေးနိုင်ခြင်း ရှိ၊ မရှိနဲ့ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဖောက်လုပ်ပေးမည်၊ အစီအစဉ်မရှိပါက အခြားဒေသခံများ သွားလာရေးလွယ်ကူ အဆင်ပြေချောမွေ့စေရန်အတွက် မည်သို့ အစီအမံများရှိမည်ကို သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင်အား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုးနိုင်(ဖျာပုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဖျာပုံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်မေးမြန်းလိုတဲ့အချက်ကတော့ ဖျာပုံမြို့မနှင့် ပင်လယ်ကမ်းစပ်မှာရှိတဲ့ အမာမြို့နယ်ခွဲကို ဆက်သွယ်ဖောက်လုပ်ထားတဲ့လမ်းကို နွေ၊ မိုး၊ ဆောင်း ယာဉ်များသွားလို့ရအောင် ပြုပြင်ပေးဖို့အတွက် မြေပြင်မှာ လက်တွေ့တွေ့ရှိရတဲ့ အပိုင်းများကိုပါ အကြံပြုတင်ပြရင်းနဲ့ လမ်းပြုပြင်ပေးနိုင်မယ် ကိစ္စများကို သိရှိလိုတဲ့အတွက် ယခုလို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဖျာပုံ-ကျုံကဒွန်း-အမာလမ်းဟာ ၅၁ မိုင်နဲ့ ၅ ဖာလုံ အရှည်ရှိပါတယ်။ ပထမတစ်ပိုင်းဖြစ်တဲ့ ဖျာပုံ- ကျုံကဒွန်း လမ်းကတော့ ၁၅ မိုင် ၃ ဖာလုံ ရှိပြီးတော့ ကျောက်ခင်းလမ်း အမာခံဖြစ်ပါတယ်။ မော်တော်ယာဉ် များလည်း နွေ၊ မိုး၊ ဆောင်းသွားလာနိုင်တဲ့ အခြေအနေရှိပါတယ်။ ဒုတိယလမ်းအပိုင်းဖြစ်တဲ့ ကျုံကဒွန်း-ဒေါ်ငြိမ်း-အမာလမ်းကတော့ ၁၉၉၂ ခုနှစ်လောက်ကတည်းက စတင်ဖောက်လုပ်ခဲ့တဲ့ မြေသားလမ်း ဖြစ်ပါတယ်။ နွေရာသီနဲ့ ဆောင်းရာသီမှာတော့ ယာဉ်ငယ်များဆိုတာ ဂျစ်ကားတို့၊ ဒိုင်နာတို့၊ ဘတ်စ်ကားအသေးစားတို့သာ သွားလာနိုင်ပါတယ်။ မိုးရာသီမှာ မိုးအနည်းငယ်ကျတာနဲ့

လမ်းတွေဟာ အချို့မှာဗွက်ဖြင့် ပျက်စီးပြီးတော့ ယာဉ်များသွားလာနိုင်ခြင်း မရှိတဲ့အပြင် ဆိုင်ကယ် ပင်မောင်းလို့ မရနိုင်တဲ့အခြေအနေမျိုး ကြုံတွေ့ရတာ ဖြစ်ပါတယ်။ ဒီလိုဖြစ်ရခြင်းကလည်းပဲ ကျုံကဒွန်းကနေ အမာသွားတဲ့လမ်းရဲ့ လမ်းနေရာအချို့ တချို့နေရာတွေက လယ်ကွင်းထဲမှာ ဖြတ်ဖောက်ရတဲ့နေရာများ ဖြစ်ပါတယ်။ လယ်ကွင်းထဲမှာ ဖြတ်ဖောက်ရတဲ့နေရာတွေဟာ မိုးကျတာနဲ့ ဗွက်ဖြစ်ပြီးတော့ သွားလို့မရခြင်းဖြစ်ပါတယ်။ ဒီနေရာများကလည်း စုစုပေါင်းမှ နေရာလေးနေရာ လောက်ပဲရှိပြီးတော့ မိုင်အားဖြင့်လည်း အနည်းငယ်ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမှာဆိတ်မတံတား အလွန်မိုင်တိုင် ၂၄ မိုင်၊ ၃ဖာလုံ ကနေပြီးတော့ အမာမြို့ရောက်တဲ့အထိ သွားတဲ့လမ်းဆိုလို့ရှိရင် သဘာဝကုန်းချောမြေအမာ ဖြစ်ပါတယ်။ ကတ္တရာလမ်း ထက်ပင်ကောင်းပါတယ်။ ဘာမှပြုပြင်ရန် မလိုဘဲနဲ့ကားတွေဟာနွေရော၊ မိုးရော၊ ဆောင်းရောသွားလာနိုင်တဲ့ အခြေအနေ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ပြုပြင်မယ်ဆိုရင် အဲဒီလမ်းကို ချန်ထားလို့ရပါတယ်။ လယ်မြေထဲမှာ ဖြတ်သွားတဲ့ လမ်းနေရာတွေကိုလည်းပဲ နာဂစ်ကာလအပြီးတုန်းက ရေကျော်လို့ လမ်းနေရာကို မြေမြှင့်တဲ့ လုပ်ငန်း တွေ ကျွန်တော်တို့ အကုန်လုံးလုပ်ပြီးပါပြီ။ ကာလအားဖြင့် ဆိုလို့ရှိရင်လည်း သုံးနှစ်ကျော်ရှိတဲ့အတွက် အောက်ခံမြေကလည်း အမာဖြစ်နေပါတယ်။ ဒါ့ကြောင့် အဲဒီနေရာတွေကိုသာ ကျောက်ခင်းပေး လိုက်မယ်ဆိုလို့ရှိရင် မိုးရာသီဖြစ်လင့်ကစား ယာဉ်တွေသွားလာ နိုင်မယ့်အခြေအနေရှိကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ ဒါ့ကြောင့်မို့လို့ လမ်းပြုပြင်တဲ့အပိုင်းမှာတော့ ပြုပြင်ရန်လိုအပ်တဲ့ အပိုင်းတွေကို ထိထိရောက်ရောက် ပြုပြင်ဆောင်ရွက်ပေးနိုင်ဖို့ လုပ်မယ်ဆိုလို့ရှိရင်တော့ ကုန်ကျ စရိတ် မကြီးမားပဲနဲ့ ဒီလမ်းဟာ နွေ၊ မိုး၊ ဆောင်း ယာဉ်များသွားလာနိုင်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီလိုဆောင်ရွက်ပေးနိုင်မယ့် အစီအမံများကို သိလိုတဲ့အတွက် ယခုလိုအကြံပြုမေးမြန်းရခြင်း ဖြစ်ပါ ကြောင်း တင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ရှေးဦးစွာ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ပထမဦးစွာ ကျွန်တော့်အနေဖြင့် ကရင်ပြည်နယ်၊ ကော့ကရိတ် မဲဆန္ဒနယ်မြေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဦးသူရိန်ဇော်ရဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေး ကို မေးမြန်းထားသော ကော့ကရိတ်မြို့နယ်နှင့် လှိုင်းဘွဲမြို့နယ်အတွင်း ဖြတ်သန်းသွားမည့်

အောက်ဗိုလ်တဲ-နဘူး-ထန်းတပင်-တာပေါင်-ထီလုံ ကားလမ်း အမြန်ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုသည့်မေးခွန်းကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်အတွင်းရှိ ထီလုံ-တာပေါင်-ပတ-နဘူး-အောက်ဗိုလ်တဲလမ်းဟာ မိုင်အရှည် ၅၄ မိုင်နဲ့ ၂ ဖာလုံ ရှိပါတယ်။ ဘားအံ-ကော့ကရိတ်-မြဝတီလမ်းနဲ့ လမ်းအူကြောင်းအသစ်အဖြစ် ဖောက်ထားတာဖြစ်ပါတယ်။ အဆိုပါလမ်းကို ရာသီမရွေးသွားလာနိုင်တဲ့ မြေသားလမ်းတာပေါင်အကျယ် ၃၄ ပေ ကနေပြီးတော့ ၁၆ပေအကျယ်အမာခံ လမ်းအဖြစ်တိုးတက်ပြီး တည်ဆောက်သွားမှာဖြစ်ပါတယ်။ ထီလုံ- တာပေါင်-ပတ-အောက်ဗိုလ်တဲလမ်း ဟာ ထီလုံရွာမှ တာပေါင်ရွာ၊ ထန်းတပင်ရွာ၊ ကျုံမဒွန်းရွာ၊ တောင်စွန်းရွာ၊ ဝဲကင်းအံရွာ၊ နဘူးရွာ၊ အောက်ဗိုလ်တဲရွာ စတဲ့ ရွာပေါင်း၂၄ ရွာကိုဖြတ်သန်းပြီး ဖောက်လုပ်ထားတာဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ ဘားအံ-လှိုင်းဘွဲ့လမ်းပေါ်ရှိ ထီလုံရွာမှ ကော့ပေါ့အင်း၊ လှိုင်းဘွဲချောင်း၊ ပတချောင်း၊ နဘူးချောင်း တို့ကို ဖြတ်ကျော်ပြီး ဘားအံ-ကော့ကရိတ်-မြဝတီလမ်းပေါ်ရှိတဲ့ အောက်ဗိုလ်တဲသို့ ဆက်သွယ်ထားတဲ့လမ်းသစ် ဖြစ်ပါတယ်။ ထီလုံ-တာပေါင်-ပတ-နဘူး-အောက်ဗိုလ်တဲလမ်းပိုင်းဟာ လမ်းအူကြောင်းအသစ် ဖြစ်တဲ့အတွက် လမ်းအူကြောင်းရှာဖွေခြင်း၊ လမ်းပုံများတိုင်းတာခြင်း၊ ပုံထုတ်ခြင်း၊ သတ်မှတ်ခံနိုင်ဝန်များနှင့် ထမ်းဆောင်နိုင်မည့်လမ်းလွှာပုံစံထုတ်ခြင်း၊ တောရှင်းခြင်းစသည့်လုပ်ငန်းများအပြင် မြေသားတာပေါင်ပြင်ခြင်းနှင့် တံတားနှင့်ရေပွင့်များ တည်ဆောက်ခြင်း၊ အမာခံလမ်း၊ ကျောက်လမ်း၊ ကတ္တရာလမ်းစတဲ့ လမ်းအဆင့်ဆင့် ဆောင်ရွက်နိုင်မှုများကို စီစဉ်လျက်ရှိပါတယ်။ ထီလုံ-တာပေါင်-ပတ-အောက်ဗိုလ်တဲလမ်းဟာ ၅၄ မိုင်နဲ့ ၂ ဖာလုံရှည်လျားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ ၈ မိုင် တာဝန်ယူဆောင်ရွက်ပါတယ်။ ဒါ့အပြင် စံချိန်စံညွှန်းနှင့်အညီ အမြန်ပြီးစီးနိုင်ရေးအတွက် လမ်းတံတားတည်ဆောက်ရေး ပုဂ္ဂလိကကုမ္ပဏီ ၆ ခုကို ၄၆ မိုင်နဲ့ ၂ ဖာလုံကို စက်ယာဉ်ယန္တရားများ၊ လုပ်သားအင်အားများပြည့်စုံစွာနဲ့ ဝင်ရောက်ဆောင်ရွက်ရန် တာဝန်ပေးထားပြီး ဖြစ်ပါတယ်။ ဆောင်ရွက်နေတဲ့အပိုင်းအလိုက် လမ်းပိုင်းများကို တင်ပြရမယ်ဆိုရင် ဆောက်လုပ်ရေးဝန်ကြီးဌာနကနေ တာဝန်ယူထားသောအဖွဲ့ဟာ လမ်းဆောက်လုပ်ရေးအထူးအဖွဲ့ ၉ က ဖြစ်ပါတယ်။ ဒုတိယအင်ဂျင်နီယာမှူးကြီးအဖွဲ့ကနေပြီးတော့ ၄ မိုင်၊ ဘားအံခရိုင်၊ အင်ဂျင်နီယာမှူးကြီးအဖွဲ့က ၄ မိုင် စုစုပေါင်း ၈ မိုင် တာဝန်ယူထားပြီး ကျန်ပုဂ္ဂလိကကုမ္ပဏီတွေကတော့ ရွှေကဆုန်ကုမ္ပဏီက ၁၀ မိုင်၊ ဂဠုန်ချိတ်ကုမ္ပဏီက ၈ မိုင်၊ ဒေါနငြိမ်းချမ်းရေးကုမ္ပဏီက ၅ မိုင်၊ သရီးဘရားသားစ်ကုမ္ပဏီက ၅ မိုင် ၆ ဖာလုံ၊ ထိုက်စင်ကုမ္ပဏီက ၅ မိုင်၊ အေးကိုမိသားစုကုမ္ပဏီလီမီတက်က ၁၂ မိုင် ၄ ဖာလုံ စုစုပေါင်း ကုမ္ပဏီတွေက ၄၆ မိုင်နဲ့ ၂ ဖာလုံ တာဝန်ယူဆောင်ရွက်လျက် ရှိပါတယ်။ လုပ်ငန်းများ

ဆောင်ရွက်ပြီးစီးမှုအခြေအနေကို တင်ပြရလို့ရှိရင် တစ်ကြောင်းထိုး လမ်းဖောက်လုပ်ပြီးစီးမှုကတော့ ၅၄ မိုင်နဲ့ ၂ ဖာလုံ ပြီးပါပြီ။ မြေသားလမ်းတာပေါင်တင်ခြင်းကတော့ ၈ မိုင် ၅ ဖာလုံ၊ အမာခံကျောက်ခင်းလမ်းက ၄ ဖာလုံ၊ မိုးရာသီရေကျော်ပျက်စီးမှုများအား မြေညှိခြင်း၊ လမ်းတာပေါင် ပုံစံဖော်ခြင်း၊ ကျောက်ဖြည့်လမ်းကြိတ်ခြင်း၊ ပြုပြင်ခြင်းကတော့ ၁၀ မိုင် ၄ ဖာလုံ၊ မိုင်တိုင် ၁/၄၊ ၂/၄၊ ၃၆/၆၊ ၄၁/၃ တို့မှာ ၂၀ ပေ ကွန်ကရစ်တံတားတည်ဆောက်ခြင်းက ၄ စင်း၊ တံတားအမှတ် ၁/၄ ၃၀ ပေ ကွန်ကရစ်တံတားတည်ဆောက်ခြင်းနှင့် ၅ ပေပတ်လည်၊ ၃၄ ပေအရှည် သံကူကွန်ကရစ် ရေပြွန်တည်ဆောက်ခြင်း ၁၈ စင်းတို့ ဆောင်ရွက်ပြီးဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ထီလုံ-တာပေါင်-ပတ-နဘူး-အောက်ဗိုလ်တဲလမ်းပိုင်းဟာ လမ်းတံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဒေသအတွက်လိုအပ်ချက်ကြောင့်မို့လို့ ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းနဲ့ ပြင်ဆင် ထိန်းသိမ်းရေးရန်ပုံငွေများ တင်ပြတောင်းခံပြီး ရရှိငွေပေါ် မှာမူတည်ပြီး လုပ်ငန်းများကို ဆက်လက်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ဆက်လက်ပြီး ဒုတိယမေးခွန်း အား ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ ၎င်းမေးခွန်းကတော့ ကရင်ပြည်နယ်၊ မြဝတီ မဲဆန္ဒနယ် က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဦးကနေပြီးတော့ မေးမြန်းထားတဲ့မေးခွန်းဖြစ်ပါတယ်။ မြဝတီ-ဘားအံလမ်းအပိုင်းအား မည်သည့်ကုမ္ပဏီ သို့မဟုတ် ပဆငမှလုပ်ငန်းများ ဆောင်ရွက် နေကြောင်း၊ ဘီအိုတီစနစ်ဖြစ်ပါက စီမံကိန်းစတင်ချိန်နှင့် ပြီးဆုံးချိန်သိလိုကြောင်း၊ နှစ်စဉ်လုပ်ငန်းများ ပြီးဆုံးရမည့်ပမာဏ၊ အရည်အသွေးစိစစ်ကြီးကြပ်မှု ရှိ၊ မရှိ သိလိုပါကြောင်းနဲ့ စီမံကိန်းမပြီးမီ လမ်းအသုံးစရိတ် ကောက်ခံ၍ ရ၊ မရ တို့ကို မေးမြန်းထားတာကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်ရှိ မြဝတီ-ဘားအံလမ်းဟာ AK ကုမ္ပဏီကို ဘီအိုတီစနစ်နဲ့ တာဝန်ပေးထားတာ ဖြစ်ပါတယ်။ ၂၃-၉-၂၀၀၉ ကနေပြီးတော့ စတင်ပြီး ဘီအိုတီ စတင်ပေးတာဖြစ်ပါတယ်။ အဲဒီလမ်းပိုင်းနဲ့ ပတ်သက်လို့တင်ပြရရင် ဘားအံမြို့နယ်အပိုင်းမှာ သံလွင်တံတား(ဘားအံ) မှာ ချဉ်းကပ်လမ်းက ၅ မိုင် နဲ့၃ ဖာလုံရှိပါတယ်။ ဘားအံ- ပိုင်ရမ်းလမ်းက ၂ မိုင်နဲ့ ၃ ဖာလုံရှိပါတယ်။ နောင်လုံ- ပိုင်ရမ်းလမ်းက ၄ မိုင်ရှိပါတယ်။ ဘားအံနဲ့ ထုံးအိုင်လမ်းက ၃ မိုင်နဲ့ ၂ ဖာလုံရှိပါတယ်။ဘားအံ- လှိုင်းဘွဲ့လမ်းက ၂ မိုင် ၆ ဖာလုံ၊ ဘားအံ- နောင်လုံ- ဂျိုင်းလမ်းက ၃၅ မိုင်နဲ့ ၆ ဖာလုံရှိပါတယ်။ နောက်ကော့ကရိတ်မြို့နယ်အပိုင်းကိုတင်ပြရလျှင် ဂျိုင်းရယ် - ကျုံဒိုးလမ်းက ၂ မိုင်နဲ့ ၂ ဖာလုံ၊ ကျုံဒိုး - လှိုင်းကွယ်လမ်းက ၉ မိုင်၊ မုဒုံ - မြဝတီလမ်းပိုင်းက ၂၇ မိုင်နဲ့ ၆ ဖာလုံတို့ဖြစ်ပါတယ်။ ဒါ့အပြင် မြဝတီမြို့နယ်အပိုင်းမှာဆိုရင် မုဒုံနဲ့ မြဝတီလမ်းပိုင်းကနေပြီးတော့

၁၇ မိုင် ၆ ဖာလုံ၊ စုစုပေါင်း ၁၁၀ မိုင်နဲ့၂ ဖာလုံရှိပါတယ်။ AK ကုမ္ပဏီကနေပြီးတော့ ဘီအိုတီယူထားတဲ့ လမ်းအပိုင်းပေါ်မှာ ဆောင်ရွက်ထားတဲ့ တံတားများရှိပါတယ်။ အဲဒီတံတားတွေကတော့ ၅၀ ပေအောက် ရေပြွန်တံတား က ၂၉၇ စင်း၊ ၅၀ ပေ မှ ၁၀၀ ပေအထိတံတား ၁၈ စင်း၊ ၁၈၀ ပေအထက်တံတား ၆ စင်း၊ စုစုပေါင်း ၃၂၁ စင်းဖြစ်ပါတယ်။ AK ကုမ္ပဏီဟာ သဃ်န်းညီနောင်မှ မြဝတီနယ်စပ် ချစ်ကြည်ရေး တံတားအထိ အာရှလမ်းမကြီးအပိုင်းဖြစ်သော ၁၁ မိုင်နဲ့ ၂ ဖာလုံဟာ ဘီအိုတီလမ်းပိုင်းမှာ မပါသော်လည်း ကုမ္ပဏီကနေပြီး ငွေကြေးစိုက်ထုတ်ပြီး ပြုပြင်ထိန်းသိမ်းပေးလျှက်ရှိပါတယ်။ AK ကုမ္ပဏီဟာ လုပ်ငန်းအတွေ့အကြုံရင့်ကျက်တဲ့ အင်ဂျင်နီယာမှူးကြီးအဆင့်နှစ်ဦး၊ ဘားအံ၊ မြဝတီ၊ ကော့ကရိတ်မှာ ခရိုင်အဆင့်အင်ဂျင်နီယာမှူးသုံးဦး၊ အငယ်တန်းအင်ဂျင်နီယာ ကိုးဦး၊ စုစုပေါင်း အင်ဂျင်နီယာ ၁၄ ဦးနဲ့ ကြီးကြပ်ရေးလုပ်သားခေါင်းဆောင် ၂၈ ဦး၊ ဘားအံခရိုင် အတွင်းမှာ လုပ်သား ၁၃၈ ဦး၊ ကော့ကရိတ်ခရိုင်အတွင်းမှာ လုပ်သား ၁၄၀ ဦး၊ မြဝတီခရိုင် အတွင်းမှာလုပ်သား ၁၃၄ ဦး၊ စုစုပေါင်း လုပ်သားအင်အား ၄၄၀ ဦးတို့နဲ့ လုပ်ငန်းများဆောင်ရွက်လျက် ရှိပါတယ်။ လမ်း-တံတားလုပ်ငန်းများအရေးပေါ် ပြင်ဆင်နိုင်ရေးနဲ့ လုပ်ငန်းဆောင်ရွက်နိုင်ရန် လွန်းညရွာ၊ နောင်လုံ၊ သာမညာ၊ ကျုံဒိုး၊ ကိုးတိုင်၊ တံတားကျိုး၊ သဃ်န်းညီနောင်၊ ခင်နိမ်းမူ၊ အောက်ဗိုလ်တဲ၊ ဇူဝေလေး၊ အလယ်ဗိုလ်တဲရွာတို့မှာ စခန်းများ ဆောက်လုပ်ပြီးတော့ တာဝန်များ ပေးထားလျက်ရှိပါတယ်။ တစ်ရက်လျှင် တန် ၅၀ ကျ ကျောက်ခွဲစက်ကြီး သုံးခုကနေပြီးတော့ အိန္ဒုရွာစခန်း၊ အောက်ဗိုလ်တဲရွာစခန်း၊ သဃ်န်းညီနောင်စခန်းတို့မှာ အထိုင်ချပြီး ကျောက်ခွဲစက်များနဲ့ လုပ်နေပါတယ်။ ရွှေ့ပြောင်းသယ်ယူနိုင်တဲ့တန် ၂၀ ကျ ကျောက်ခွဲစက်များအနေနဲ့ ဒေါနတောင်ကြောတစ်လျှောက်မှာ ၄ ခု၊ ဂျိုင်းတံတားမှ အောက်ဗိုလ်တဲရွာအထိ လမ်းဆုံးအပိုင်းမှာ ၂ ခု၊ ဘားအံမှ ဂျိုင်းအထိလမ်းအပိုင်းမှာ ၂ ခုနဲ့ စုစုပေါင်း ၈ ခု ဖြန့်ခွဲပြီးကျောက်များ ထုတ်လုပ်လျက်ရှိပါတယ်။ စက်ယာဉ်ယန္တရားများကတော့ မြေထိုးစက် ၈ စီး၊ မြေတူးစက် ၈ စီး၊ လမ်းကြိတ်စက် ၃၆ စီး၊ တုန်ခါလမ်းကြိတ်စက် ၄ စီး၊ လက်တွန်းသိပ်သည်းစက် ၄၀ စီး၊ ကတ္တရာဖြန်းစက် ၄ စီး၊ မြေညှိစက် ၂ စီး၊ မြေတင်စက် ၄ စီး၊ မြေသယ်ယာဉ်ကြီး ၃၃ စီး၊ ကွန်ကရစ်ဖျော်စက်ယာဉ် ၄ စီး၊ ရေသယ်ယာဉ် ၂ စီး၊ ဆီသယ်ယာဉ် ၁စီး၊ စက်ယာဉ်ယန္တရား ၁ စီး၊ နောက်တွဲပါထွန်စက် ၃ စီးတို့နဲ့ လုပ်ငန်းများကိုဆောင်ရွက်လျက် ရှိပါတယ်။ လုပ်ငန်းများ စတင်ခွင့်ပြုချိန်ကစပြီး ယနေ့အချိန်အထိ လုပ်ငန်းကာလနှစ်နှစ်မပြည့်သေးပါဘူး။ ၎င်းကာလအတွင်းမှာ လုပ်ငန်းသဘောသဘာဝအရ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးဖြစ်တဲ့အတွက်လည်း တန်ပိုယာဉ်ကြီးများ သွားလာမှုကြောင့်လည်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်၊ မိုးရာသီကာလများ မိုးကလည်းများတာဖြစ်သောကြောင့် အထူးသဖြင့် ဂျိုင်းနှင့်ကျုံဒိုး

အပိုင်းမှာ သဘာဝအနေအထားအရ လမ်းဘေးဝဲယာ ပတ်ဝန်းကျင်နှစ်ဖက်မှာ ရေပြင်ကျယ်ကွင်းကြီး များ ဖြစ်ပေါ်ပြီး လမ်းသားရဲ့အတွင်းမှာ ရေစိမ့်ဝင်မှုကြောင့် လမ်းလွှာများပျက်စီးသွားပါတယ်။ AK ကုမ္ပဏီဟာ ဘီအိုတီစနစ်နဲ့ ဆောင်ရွက်ခွင့်ရတဲ့အချိန်ကစပြီး ယနေ့အထိ ဆောင်ရွက်ပြီးတဲ့ လုပ်ငန်းများကို တင်ပြရရင် ကတ္တရာလမ်းပေါက်များကို ကြိုတင်ရောကျောက် ကတ္တရာများဖြင့် ဖာထေးခြင်းက ၇၇ မိုင်နဲ့ ၃ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းက ၃ မိုင်နဲ့ ၆ ဖာလုံ၊ လမ်းချိုင့်ကြီးများအား ကျောက်သဲတို့ဖြင့် ဖာထေးခြင်းက ၇ မိုင်နဲ့ ၅ ဖာလုံ၊ ကတ္တရာလမ်းချဲ့ခြင်းက ၁ မိုင် ၁ ဖာလုံ၊ အန္တရာယ်ကွေ့များမှာ လမ်းတာပေါင်ပေ ၄၀ အကျယ်ရစေရန် စက်ယန္တရားဖြင့် တူးချဲ့ခြင်းနှင့်ရေမြောင်းများဖောက်လုပ်ခြင်းက ၃ မိုင်နဲ့ ၃ ဖာလုံ၊ လမ်းကွေ့များတွင် ၂၄ ပေအကျယ် ကွန်ကရစ်လမ်းချဲ့ခြင်းက ၅၉၀၀ ပေ၊ သံကူကွန်ကရစ်တံတားအသစ် တည်ဆောက်ခြင်းက ၁၈ စင်း၊ သံကူကွန်ကရစ်တံတားများ ၂၈ ပေအကျယ်ရရန်ချဲ့ခြင်းက ၁၇ စင်း၊ ကော့ကရိတ်မြို့နယ်အတွင်း (ခင်နိမ်းမူအနီး)မှာ လမ်းပြတ်အပိုင်းအား ကွန်ကရစ်လမ်းခင်းခြင်းက ၂ ဖာလုံ တို့ ဖြစ်ပါတယ်။ ဘားအံမှ အိန္ဒူ-ဂျိုင်း ၃၈ မိုင်၊ ၄ ဖာလုံကိုလည်း ပွင့်လင်းရာသီမှာ ၂၄ ပေအကျယ်ရရှိရန် ကတ္တရာလမ်းသားချဲ့ခင်းပြီး အပြီးဆောင်ရွက်ရန် စီစဉ်လျက်ရှိပါတယ်။ အောက်ဗိုလ်တဲကနေပြီးတော့ သဃ်န်းညီနောင်အပိုင်းမှာလည်း မိုးသည်းထန်းစွာရွာသွန်းတဲ့အချိန်တွေမှာ တောင်ပြိုလေ့ရှိတဲ့အတွက် အချိန်နှင့်တစ်ပြေးညီ စက်ယန္တရားကြီးများနဲ့ ဖယ်ရှားရှင်းလင်းခြင်းများလည်း ဆောင်ရွက်လျက် ရှိပါတယ်။ ဘားအံမှအိန္ဒူအပိုင်း ၁၃ မိုင်မှာ ကတ္တရားလမ်းဖြစ်ပြီးတော့ ချောမွေ့စွာသွားလာနိုင်တဲ့ အဆင့်မှာရှိနေပါတယ်။ အိန္ဒူကနေ ဂျိုင်း-ကော့ကရိတ်အပိုင်းမှာ လမ်းသားများကို ကြိုတင်ရော ကျောက်ကတ္တရာများဖြင့်လည်းကောင်း၊ ကျောက်သဲပြုန်းတို့ဖြင့် ဖာထေးခြင်းများကို လုပ်လျက်ရှိ ပါတယ်။ လုပ်ငန်းများကိုလည်း နိုင်နင်းစွာဆောင်ရွက်နိုင်တဲ့အနေအထားရှိပါတယ်။ကော့ကရိတ်ကနေ အောက်ဗိုလ်တဲကြားအပိုင်းမှာ ပျက်စီးမှုများပြားတဲ့အတွက် အခြေအနေအရ လမ်းချောရန်အချိန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။ သဃ်န်းညီနောင်မှမြဝတီလမ်းအပိုင်း အာရှလမ်းမကြီးမှာပျက်စီးမှုနည်းပါး သော်လည်း လမ်းချောမွေ့စွာသွားလာနိုင်ရေး အဆင့်ရှိအောင်လည်း စီစဉ်ပေးလျက်ရှိပါတယ်။ ဖော်ပြပါလမ်းတံတားများ ဆောင်ရွက်ရာမှာ အချိန်တိုကာလအတွင်းမှာချောမွေ့စွာ ယာဉ်များလွယ်ကူ စွာသွားလာနိုင်ရေးပုံမှန်လမ်းလုပ်ငန်းများအပြင် တောင်ပေါ်လမ်းပိုင်း ကျဉ်းတဲ့နေရာလမ်း ကျဉ်းလမ်း ကွေ့များကိုလည်းစက်ယန္တရားများနဲ့ ချဲ့ထွင်ခြင်း၊ လမ်းအကွေ့နေရာများမှာလည်း ကွန်ကရစ်လမ်းပိုင်း များခင်းခြင်း၊ အချိန်နဲ့တစ်ပြေးညီဆောင်ရွက်ပေးနေပါတယ်။ တောင်ပေါ်လမ်းပိုင်းမှာ ယခင်နှစ်က ယာဉ်နှစ်စီးရှောင်တိမ်းရန်ခက်ခဲပြီး ယာဉ်တန်းစနစ်နဲ့ တစ်ရက်စီခွဲခြားသွားရတဲ့ လမ်းပိုင်းဖြစ်ပါ တယ်။

AK ကုမ္ပဏီအနေနဲ့ လုပ်ငန်းဆောင်ရွက်စဉ်ကာလအတွင်း ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရေးအတွက် ဖြတ်သန်းသွားလာနိုင်ရန်နှင့် ယာဉ်များမထိခိုက်စေရေးအတွက် အထူးအလေးထားပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဘားအံမှမြဝတီအထိ လေးနာရီခန့်သာ ခရီးပေါက်နေပြီ ဖြစ်ပါတယ်။ ကုမ္ပဏီအနေနဲ့ တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့ လမ်းအပိုင်းကို လမ်းဆက်သွယ်ရေး ပိုမိုကောင်းမွန်စေရေးအတွက် ပွင့်လင်းရာသီမှာ လမ်းသားချဲ့ခြင်း၊ လမ်းများအဆင့်မြှင့်တင်ခြင်းကို အရှိန်အဟုန်မပျက်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း တင်ပြလိုပါတယ်။ မြဝတီ-ဘားအံလမ်းအပိုင်းမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်၊ လမ်း၊ တံတား ပြုပြင်ကောက်ခံမှုလေလံစနစ်နဲ့ ဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ လမ်းအသုံးပြုခကောက်ခံရေးဂိတ်များဖြစ်တဲ့ ပညာရေးကောလိပ်ဂိတ်မှာ လေလံလုပ်ငန်းရှင် ဒေါ်ဆွေဇင်သက်ကလည်းကောင်း၊ ကော့ကျိုက်ဂိတ်မှာ လေလံလုပ်ငန်းရှင် ဦးခွန်ဝင်းသိန်းကလည်းကောင်း၊ ကော့ကရိတ်ဂိတ်တွင် လေလံလုပ်ငန်းရှင် ဦးအောင်လင်းကလည်းကောင်း၊ လေလံစနစ်နဲ့ လမ်းအသုံးပြုခများ ကောက်ခံထားပါတယ်။ လက်ရှိမြဝတီ-ဘားအံလမ်းပိုင်းမှာ AK ကုမ္ပဏီကနေပြီး လမ်းအသုံးပြုခကောက်ခံခြင်းမရှိဘဲ လမ်းတံတားလုပ်ငန်းများကို ပြင်ဆင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်းများကိုသာ ဆောင်ရွက်နေတာဖြစ်ပါတယ်။ AK ကုမ္ပဏီဟာ စက်ယန္တရားအင်ဂျင်နီယာနှင့် လုပ်သားအင်အားတောင့်တင်းပြီး လုပ်နိုင်သူဖြစ်ပါတယ်။ ဒေသရဲ့ ထောက်ခံချက်နဲ့ ခွင့်ပြုထားတဲ့ ကုမ္ပဏီလည်း ဖြစ်ပါတယ်။ ဘီအိုတီစနစ်နဲ့ လမ်း၊ တံတား အဆင့်မြှင့်တင်ခြင်း၊ ဆောင်ရွက်ချက်၊ ခွင့်ပြုချက်ရရှိလာသော ဒေသထောက်ခံချက်ပါရင် ဆောက်ရွက်ပေးလျက်ရှိပါတယ်။ ဘီအိုတီစနစ်နဲ့ လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိရန် အရည်အချင်းသတ်မှတ်ချက်များနဲ့ ပြည့်စုံလို့ရှိရင် မည်သည့်တိုင်းရင်းသား ကုမ္ပဏီမဆိုဘီအိုတီစနစ်နဲ့ လုပ်ငန်းများကိုလည်း လျှောက်ထားနိုင်ပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာနဟာ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှာ ဘီအိုတီစနစ်နဲ့ ဆောင်ရွက်နေတဲ့လမ်းပိုင်းများဟာ လုပ်ငန်းများနဲ့ အင်ဂျင်နီယာပိုင်းဆိုင်ရာ လုပ်ငန်းများစစ်ဆေးကြပ်မတ်နိုင်ရန်အတွက်လည်း အင်ဂျင်နီယာချုပ်၊ ဒုတိယအင်ဂျင်နီယာချုပ်၊ အင်ဂျင်နီယာမှူးကြီးများပါဝင်သော လမ်း၊ တံတားလုပ်ငန်းများ စစ်ဆေးကြီးကြပ်ရေးအဖွဲ့ ၁၉ ဖွဲ့ကိုလည်း တာဝန်ပေးစစ်ဆေးပြီးတော့ တိုင်ဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့နဲ့အတူ လမ်းလုပ်ငန်းများကို စဥ်ဆက်မပြတ်ကြပ်မတ်ပြီး စစ်ဆေးလျက်ရှိပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ မြဝတီ-ဘားအံကားလမ်းကို တာဝန်ယူဆောင်ရွက်ထားသော ဘီအိုတီလုပ်ငန်းရှင် AK ကုမ္ပဏီအား လမ်းအဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး၊ လမ်းအင်္ဂါရပ်နဲ့ ပြည့်စုံကောင်းမွန်နိုင်

ရေး၊ စံချိန်စံညွှန်းနဲ့အညီ ဆောင်ရွက်ရေး တွန်းအားပေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ဆက်လက်ပြီး မေးခွန်းနံပါတ်သုံးအား ဆက်လက်ပြီး ရှင်းလင်း တင်ပြသွားပါမယ်။ မေးခွန်းနံပါတ်သုံးကတော့ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီ နယ်မြေ၊ လယ်ဝေးမြို့နယ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဌေးဝင်းရဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ မေးမြန်းထားတဲ့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးရဲ့ နေပြည်တော်ကောင်စီနယ်မြေ အတွင်း လမ်းဘေးဝဲယာရှိကျေးရွာများမှ ဖြတ်လမ်းတံတား Under Pass များကို ဆက်သွယ်သည့် လမ်းများ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဟာ ရန်ကုန်အမှတ် (၃)လမ်းဆုံမှ မန္တလေး-စကားအင်းဝိုင်းအထိ အရှည်မိုင် ၃၅၂ မိုင်နဲ့ ၆ ဖာလုံရှိပါတယ်။၎င်းလမ်းအပိုင်း ကနေပြီးတော့ နေပြည်တော်ကောင်စီနယ်မြေအတွင်းမှာ လယ်ဝေးမြို့နယ်မှ ဥတ္တရသီရိမြို့နယ်အထိ ပါဝင်တဲ့အပိုင်းကတော့ ၁၈၅မိုင်ကနေပြီးတော့မှ ၂၃၁ မိုင် ၄ ဖာလုံထိ အရှည်မိုင် ၄၆ မိုင် ၄ ဖာလုံ ပါဝင်တာဖြစ်ပါတယ်။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးနဲ့ ဆက်စပ်လျက်ရှိသော နေပြည်တော် ကောင်စီဇရိယာမှ လယ်ဝေးမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်နဲ့ ဥတ္တသီရိမြို့နယ်ရှိ ဒေသခံပြည်သူများရဲ့ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကိစ္စများ မြို့ပြဒေသများနဲ့ ဆက်သွယ်ရာမှာ အမြန် လမ်းမကြီးနဲ့ ဖြတ်သန်းနိုင်ရန်အတွက် ဆောင်ရွက်ပေးတဲ့အရာများကို တင်ပြထားပါမယ်။ လယ်ဝေး မြို့နယ်အတွင်းမှာတော့ မိုင်တိုင်အမှတ် ၁၈၈ မိုင် ၆ ဖာလုံ၊ ၁၉၃ မိုင် ၁ ဖာလုံ၊ ၁၉၄ မိုင်နှင့် ၂၀၀ မိုင် ၃ ဖာလုံ တို့မှာ အကျယ် ၄၀ ပေ၊ အမြင့် ၁၇ ပေရှိတဲ့ Under Pass ၄ ခု လုပ်ပေးထားပါတယ်။ မိုင်တိုင်အမှတ် ၁၈၆ မိုင် ၁ ဖာလုံ၊ ၁၈၆ မိုင် ၂ ဖာလုံနှင့် မိုင်တိုင်အမှတ် ၁၉၆ မိုင် ၄ ဖာလုံနှင့် ၁၉၆ မိုင် ၅ ဖာလုံ တို့မှာ ၁၀၀ ပေပတ်လည် လှည်းကူးတံတားအဖြစ် ၂ ခု လုပ်ထားတာဖြစ်ပါတယ်။

ဒက္ခိဏသီရိမြို့နယ်အတွင်းမှာတော့ မိုင်တိုင်အမှတ် ၂၀၂ မိုင် ၁ ဖာလုံနှင့် မိုင်တိုင်အမှတ် ၂၀၈မိုင်မှာ အကျယ် ၄၀ ပေ၊ အမြင့် ၁၇ ပေရှိတဲ့ Under Pass ၂ ခု လုပ်ပေးထားပါတယ်။ မိုင်တိုင်၂၀၃ မိုင်၊ ၁ ဖာလုံနဲ့ ၂၀၃ မိုင်၊ ၂ ဖာလုံ၊ မိုင်တိုင် ၂၀၅ မိုင်မှ ၂၀၅ မိုင် ၁ ဖာလုံ၊ မိုင်တိုင် ၂၁၁မိုင်တို့မှာ ၁၀ ပေ ပတ်လည် လှည်းကူးအောက်လျှိုတံတား ၃ ခု ဆောင်ရွက်ပေးထားတာ ရှိပါတယ်။ ဥတ္တရသီရိ မြို့နယ်အတွင်းမှာတော့ မိုင်တိုင် ၂၁၃ မိုင် ၁ ဖာလုံ၊ ၂၁၃ မိုင် ၂ ဖာလုံ၊ မိုင်တိုင် ၂၁၅ မိုင် ၆ ဖာလုံနှင့် မိုင်တိုင် ၂၁၁ မိုင် ၁ ဖာလုံတို့မှာ အကျယ်ပေ ၄၀ ပေ၊ အရှည်အမြင့် ၁၈ ပေရှိတဲ့ Under Pass ၃ ခု လုပ်ပေးထားတာရှိပါတယ်။ မိုင်တိုင် ၂၁၃ မိုင် ၇ ဖာလုံနှင့် မိုင်တိုင် ၂၁၈ မိုင် ၅ ဖာလုံ၊ မိုင်တိုင် ၂၁၈ မိုင် ၆ ဖာလုံ အတွင်းမှာ ၁၀ ပေ ပတ်လည်လှည်းကူးအောက်လျှိုတံတား ၂ ခု၊

စုစုပေါင်း ၃ မြို့နယ်မှာ ၁၆ ခု ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လမ်းဘေးဝဲယာရှိ ကျေးရွာများမှာ လမ်းဖြတ်ကူးတံတားများ အောက်ကနေ သွားလာနိုင်ရန် တည်ဆောက်ပေးထားတာ ဖြစ်ပါတယ်။ ယာဉ်သွားလမ်း အောက်လျှိုတံတားများ အဝင်အထွက်ကောင်းစေရန်အတွက်လည်း လမ်းနယ်မြေအတွင်းမှာ ၃၀ ပေ အရှည်အား ကွန်ကရစ်လမ်းအဖြစ် ခင်းပေးထားတာ ဖြစ်ပါတယ်။ နေပြည်တော်ကောင်စီနယ်မြေအတွင်းမှာရှိတဲ့ ကျေးရွာပေါင်း ၆၁ ရွာမှာ မိုးတွင်းကာလလှည်းလမ်းများ ဖြတ်သန်းသွားလာလျက်ရှိပြီးတော့ ပွင့်လင်း ရာသီမှာတော့ လှည်းများသာမက ထော်လာဂျီများ၊ ကားငယ်များပါ ဝင်းတံတားများ အောက်ကနေပြီးတော့ သွားလာနိုင်တဲ့အခြေအနေမှာ ရှိပါတယ်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး လမ်းနယ်နိမိတ်ရဲ့ အပြင်မှာရှိတဲ့ ကျေးရွာများကို ဆက်သွယ်တဲ့လမ်းများကိုတော့ နေပြည်တော်ကောင်စီနယ်မြေအတွင်းမှာရှိတဲ့အတွက် အမြန်လမ်းမကြီးစီမံကိန်းနဲ့ မသက်ဆိုင်ပါ။ စီမံကိန်းနယ်မြေပြင်ပရှိတဲ့ ကျေးရွာများ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးကို ဖြတ်သန်းသွားလာနိုင်ရန် ပြုလုပ်ထားတဲ့ လမ်းဖြတ်တံတား ၁၆ခုနှင့် ကျေးရွာများ သွားလာနိုင်အောင် ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။ ကျေးရွာများကနေပြီးတော့ ဝင်းတံတားနှင့် ဆက်သွယ်ပေးတဲ့လမ်းကတော့ လောလောဆယ်ဖောက်လုပ်ပေးရန် အစီအစဉ်မရှိကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ဆက်လက်ပြီး မေးခွန်းနံပါတ်(၄)အား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၄)ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်ကနေပြီးတော့ ပြည်သူ့လွှတ်တော်အစည်းအဝေးကို မေးမြန်းထားသောလမ်း ဖြစ်ပါတယ်။ ဖျာပုံ-အမာကားလမ်းအား ရာသီမရွေးသွားလာနိုင်သည့် ကားလမ်းအဖြစ် အဆင့်မြှင့်ပေးနိုင်ခြင်း ရှိ၊ မရှိ။ မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်နှင့် အမာမြို့နယ်ခွဲသို့ ဆက်သွယ်ဖောက်လုပ်ထားတဲ့ ဖျာပုံ-အမာကားလမ်းဟာ အရှည်မိုင် ၅၁မိုင်၊ ၅ ဖာလုံ ရှိပါတယ်။ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် နာဂစ်မုန်တိုင်းဒဏ်ခံရပြီးတဲ့နောက်မှာ လမ်းအဆင့်မြှင့်တင်တိုးမြှင့်တည်ဆောက်ရန် လိုအပ်နေတဲ့အတွက် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအတွင်းမှာ လမ်းကွန်ရက်စီမံကိန်းစာရင်းဝင်လမ်းအမှတ်(၇)အဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ အဆင့်မြှင့်တင်တည်ဆောက်လုပ်ရတာ ဖြစ်ပါတယ်။ ၃၁-၅-၂၀၁၁ ရက်နေ့အထိ လမ်းအခြေအနေတင်ပြရရင် ကတ္တရာလမ်းက ၄ မိုင်၊ ၁ ဖာလုံ၊ အမာခံလမ်းက ၂၁ မိုင်၊ ၇ ဖာလုံ၊ မြေသားလမ်းက ၂၅ မိုင်၊ ၅ ဖာလုံ၊ စုစုပေါင်း ၅၁ မိုင်၊ ၅ ဖာလုံ ရှိပါတယ်။ ဖျာပုံ-ကျုံကဒွန်း-ဒေါ်ငြိမ်း-အမာခံလမ်းဟာ ယခုအခါ လမ်းမိုင်အရှည် ၁၅ မိုင်၊ ၃ ဖာလုံရှိတဲ့ဖျာပုံမှ ကျုံကဒွန်းအထိကတော့ ရာသီမရွေးသွားလာနိုင်တာ ဖြစ်ပါတယ်။

လမ်းပိုင်းအရှည် ၃၆ မိုင်၊ ၂၁ ဖာလုံရှိတဲ့ ကျုံကဒွန်း-အမာလမ်းအပိုင်းကတော့ မြေသားလမ်းပါဝင်နေတဲ့အတွက် ပွင့်လင်းရာသီမှသာလျှင် မော်တော်ယဉ်များတွင် ကျယ်စွာသွားလာနိုင်တာ ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းရန်ပုံငွေနဲ့ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသကဲ့သို့ လမ်းအဆင့်နိမ့်ကျမသွားစေရန်အတွက်လည်း လမ်းတံတားပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက် ရှိနေပါတယ်။ ယင်းလုပ်ငန်းများကိုလည်း ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်နဲ့ အမာမြို့နယ်ခွဲတို့မှ အင်ဂျင်နီယာများကနေ တာဝန်ယူဆောင်ရွက်ပေး လျက်ရှိပါတယ်။ ဖျာပုံ-ကျုံကဒွန်း-ဒေါ်ငြိမ်း-အမာလမ်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေမှ ကတ္တရာလမ်းအဆင့်မြှင့် တင်ခြင်းက ၁ မိုင်နဲ့ ၂ ဖာလုံ၊ မြေလမ်းမှအမာခံလမ်း အဆင့်မြှင့်တင်ခြင်းက ၉ ဖာလုံတို့ တည်ဆောက်လျက်ရှိပါတယ်။ ဖျာပုံ-ကျုံကဒွန်း-ဒေါ်ငြိမ်း-အမာလမ်းရဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ခွဲဝေရရှိတဲ့ သာမာန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကနေပြီးတော့ ဆောင်ရွက်နေတဲ့ လုပ်ငန်းကတော့ ပျက်စီးနေသောကတ္တရာလမ်းပိုင်းအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းက ၁ မိုင်၊ လမ်းချိုင့်များအား ခွဲကျောက်၊ သဲဖြန့်ခြင်း၊ ကြိတ်ခြင်းလမ်းချော်ခြင်း ၃ မိုင်၊ ၃ ဖာလုံ၊ မြေသားလမ်းတွင် မိုးရာသီယာဉ်များ သွားလာမှုကြောင့် ချိုင့်ခွက်ကြီးများဖို့ခြင်း၊ ရေမြောင်းတူးဖော်ခြင်း ၈ မိုင်နဲ့ ၆ဖာလုံ၊ ဒေးဒလူတံတား ၄၀၀ ပေ၊ စစ်ကဲဒိ တံတား ၇၀ ပေ၊ ကမန္တောတံတား ၄၀ ပေ၊ မြို့ကုန်းတံတား ၁၄၀ ပေ၊ ကျုံအင်းတံတား ၄၅ ပေ၊ ဝါးကုန်းတံတား ၆၀ ပေ၊ သစ်သားတံတားများရဲ့ ယက်မများ၊ ကြမ်းခင်းများ၊ ဘီးလမ်းများ၊ လက်ရန်းများလဲလှယ်ခြင်းက ၆ စင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြည်သူလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်စီမံကိန်းဝင် လမ်းအမှတ် (၇)ဖြစ်တဲ့ ဖျာပုံ-အမာကားလမ်းကို ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ ဆက်သွယ်သွားလာမှုလွယ်ကူစေရန်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းနဲ့ ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေများကို တင်ပြတောင်းခံပြီး လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆက်လက်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။လယ်ဝေးမဲဆန္ဒနယ်က ဦးဒွေးဝင်းမေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော်ကလည်း သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ အစိုးရအဖွဲ့ကို မေးခွန်းတွေ တင်ထားတာရှိပါတယ်။ ဒီဟာလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့မေးခွန်းတွေ ဖြစ်ပါတယ်။ အဓိကကတော့ အမြန်လမ်းမကြီးကိစ္စပါပဲ။ ဒါပေမယ့် ဒါတွေဖြေဖို့တော့ လွှတ်တော်ကို ပြန်ပြီးတော့ မရောက်လာသေးပါဘူး။ မေးခွန်းမှာအကြောင်းအရာ မိမိမှတ်မိတာ (၁)ဒီလမ်းမကြီးဖောက်လုပ်ပေးတဲ့အတွက်

အင်မတန်မှကျေးဇူးတင်ကြတယ်။ ဝမ်းမြောက်ကြတယ်။ သို့ရာတွင် ဒီလမ်းပေါ်မှာ ယာဉ်တိုက်ခိုက်မှုတွေ၊ တိမ်းမှောက်မှုတွေများတယ်။ အဲဒီလိုများတဲ့နေရာမှာ ယာဉ်တိမ်းမှောက်မှုကတော့ ယာဉ်ကြောင့်သော်လည်းကောင်း၊ လမ်းကြောင့်သော်လည်းကောင်း ဖြစ်နိုင်တယ်။ တိုက်ခိုက်မှုကျတဲ့အခါကျတော့ ယာဉ်ကြောင့်သော်လည်းကောင်း၊ လမ်းကိုဖြတ်သန်းအသုံးပြုတဲ့သူများကြောင်းလည်းကောင်း ဖြစ်နိုင်တယ်။ အဲဒီလို ဖြစ်ရခြင်းအကြောင်းကို တင်ပြထားတာက ဒီပတ်ဝန်းကျင်မှာရှိတဲ့ ရွာတွေဟာ ရွာကတစ်ဖက်ခြမ်း၊ ကျောင်းကတစ်ဖက်ခြမ်း၊ ရွာကတစ်ဖက်ခြမ်းမှာ သူတို့လုပ်ရတဲ့ လယ်ယာတွေက တစ်ဖက်ခြမ်း၊ ရွာကတစ်ဖက်ခြမ်းပြီးလို့ရှိရင် ရပ်ရွာမှာအသုံးပြုရမယ့် သစ်တို့၊ သစ်ဆိုတာက မျှောတိုင်တို့၊ ဝါးတို့၊ ထင်းတို့၊ ဒါတွေကလည်း ပဲခူးရိုးမဘက်ကိုသွားပြီးတော့ မဖြစ်မနေခုတ်ကြရတဲ့အပိုင်းဒီလိုရှိတဲ့အတွက် ရည်ရွယ်ချက်ကောင်း၊ စေတနာကောင်းနဲ့ ဒီလိုဆောင်ရွက်ပေးထားသော်လည်း ဒီလမ်းပတ်ဝန်းကျင်မှာ ရှိကြတဲ့ရွာတွေ၊ ရွာသားတွေဟာ အခုလို ယာဉ်တိုက်ခိုက်မှုကြောင့် အသက်ဆုံးပါးရတာတွေရှိသလို သူတို့ရဲ့ လုပ်ငန်းဆောင်တာ လုပ်တဲ့အခါမှာလည်း အခက်အခဲတွေရှိတယ်ဆိုတဲ့ သဘောမျိုးပါတဲ့ တင်ပြချက်ရယ်၊ မေးခွန်းတွေလည်း ရောက်ထားတာရှိပါတယ်။

သို့ရာတွင် အခုအချိန်ထိတော့ ဒီမေးခွန်းကို ဖြေဖို့၊ ပြောကြားဖို့အသင့်ရှိတယ်ဆိုတာမရောက်လာသေးပါဘူး။ဒါကြောင့်မို့လို့ခုန လယ်ဝေးမဲဆန္ဒနယ်က ဦးဌေးဝင်းကတော့ နေပြည်တော်တစ်ဝိုက်နဲ့ပတ်သက်ပြီးတော့ ဒီလိုတင်ပြတယ်။ သို့ရာတွင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကိစ္စလောက်သာ သူကဖော်ပြထားပြီးတော့ ကျန်တဲ့အပိုင်းတွေကတော့ ဖော်ပြထားတာ မရှိပါဘူး။ ဒါကြောင့်မို့လို့ ဝန်ကြီးအနေနဲ့ ဖြေသည်ဖြစ်စေ၊ မဖြေသည်ဖြစ်စေ ခုနက လွှတ်တော်ကို သက်ဆိုင်ရာပြည်သူ့လွှတ်တော်ကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ တင်ပြထားတာရော အခြားပြည်သူများရဲ့တင်ပြချက်ကတော့ ဒီလိုရှိတယ်ဆိုတာကို ဝန်ကြီးအနေနဲ့ သိရှိမှတ်သားပြီး လိုသလိုသုံးသပ်ဆောင်ရွက်နိုင်ဖို့အခါ အခွင့်သင့်တုံးပြောကြားခြင်း ဖြစ်ပါတယ်။ တကယ်လို့ လိုမယ်ဆိုလို့ရှိရင်လည်း မိမိတို့ဒီလိုဖြစ်ရတယ်ဆိုတဲ့ အခြေအနေဟာ ဘာကြောင့်ပါဆိုတာ သုံးသပ်ပြီးတဲ့အခါမှာ လိုမယ်ဆိုလို့ရှိရင်လည်း လွှတ်တော်ရဲ့အားကို ယူပြီးတဲ့အခါမှာ မိမိတို့ကကူညီဆောင်ရွက်ပေးဖို့ အသင့်ရှိကြောင်းလည်း ပြောကြားလိုပါတယ်။ ဒီနေ့ ပြည်သူ့လွှတ်တော်ရဲ့ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးပါပြီ။ အစည်းအဝေးကို ၁ နာရီ ၁၅ မိနစ်ခန့်ရပ်နားပါမယ်။ ရပ်နားတဲ့ အချိန်မှာလည်း နေ့လည်စာတစ်ခါတည်း သုံးဆောင်ထားဖို့ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အစည်းအဝေးကို ၁၂း၄၅ နာရီတွင် ပြန်လည်စတင်ပါမည်။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄(က)အရ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းရန်ဖြစ်ပါတယ်။ တင်သွင်းမည့်သူအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်တကွပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန်နှင့် မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဂါရဝပြုနှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော်၊ အခွင့်အရေးကော်မတီအတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးရင် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ပြည်သူ့လွှတ်တော်သို့ ၂၀၁၁ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းကို တင်သွင်းရမှာ ဖြစ်ပါတယ်။လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း(၄)၊ ဥပဒေပြုရေးအခန်းမှာပါဝင်တဲ့ ပြည်သူ့လွှတ်တော်နဲ့ သက်ဆိုင်တဲ့ လုပ်ငန်း တွေကို အဆင်ပြေချောမွေ့စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အေးချမ်း သာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ နှင့်အညီ ပြည်သူ့လွှတ်တော် ဆိုင်ရာဥပဒေကို ဥပဒေအမှတ် ၁၂/၂၀၁၀ ဖြင့် အတည်ပြုပြဋ္ဌာန်းပေးခဲ့ပါတယ်။ ထိုသို့ ပြဋ္ဌာန်းချက် များနှင့်အညီ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးနဲ့ ယခု ကျင်းပလျက်ရှိတဲ့ ဒုတိယပုံမှန်အစည်းအဝေးများကို ကျင်းပနိုင်ခဲ့ပြီဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေတွင်ပါရှိတဲ့ မူလပြုစုပြဋ္ဌာန်းပေးခဲ့တဲ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရဲ့ အမည်နဲ့စကားရပ်များကို ပြင်ဆင်ရန်အတွက်လည်းကောင်း၊ လွှတ်တော်လုပ်ငန်းများကို လက်တွေ့ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရန်အတွက် လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့ လုပ်ပိုင်ခွင့်၊ တာဝန်များနှင့် အခွင့်အရေးဆိုင်ရာ

ကိစ္စရပ်များကို ပိုမို ပြည့်စုံစွာ ရရှိစေရန်အတွက်လည်းကောင်း ပြင်ဆင်ရန်လိုအပ်လာတဲ့ ဒီ ၂၀၁၁ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းကို ပြင်ဆင်ရေးဆွဲတင်ပြရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ဝေငှပေးပြီးဖြစ်တဲ့အတွက်ကြောင့် ဥပဒေကြမ်းကို အသေးစိတ်မဖတ်ပြတော့ဘဲနဲ့ လိုရင်းအချက်တွေကို တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုတင်ပြထားတဲ့ ၂၀၁၁ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းမှာ နိဒါန်း အပါအဝင် အခန်း(၁)မှ အခန်း(၁၄)အထိ အခန်း(၁၄)ခန်းပါရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ အခန်း(၁)မှာတော့ အမည်၊ အာဏာတည်ခြင်းနဲ့ အဓိပ္ပါယ်ဖော်ပြချက်တွေကို တင်ပြထားပါတယ်။ အခန်း(၂)မှာတော့ လွှတ်တော်ဖွဲ့စည်းခြင်းနဲ့လွှတ်တော်ရဲ့သက်တမ်းကို ဖော်ပြထားပါတယ်။ အခန်း(၃) မှာ လွှတ်တော်သဘာပတိရွေးချယ်တင်မြှောက်ခြင်းနှင့် သဘာပတိရဲ့တာဝန်ကိုဖော်ပြထားပါတယ်။ အခန်း(၄)မှာတော့ လွှတ်တော်ကိုယ်စားလှယ်များကဏ္ဍဖြစ်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုခြင်းနဲ့ လက်မှတ်ရေးထိုးခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ကျင့်ဝတ်နဲ့စည်းကမ်းများ၊ ရပိုင်ခွင့်နဲ့အခွင့်အရေးများပါရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီအခန်းမှာ လွှတ်တော်ကိုယ်စားလှယ်များအတွက် မိမိရဲ့မဲဆန္ဒနယ်မြေအတွင်း မဲဆန္ဒရှင်များနဲ့တွေ့ဆုံတဲ့ ကွင်းဆင်းဆောင်ရွက်မှုတွေ ဆောင်ရွက်တဲ့နေရာမှာ လုပ်ငန်းဆောင်ရွက်မှုတွေ အဆင်ပြေချောမွေ့စေရေးအတွက် ဥပဒေများဖြည့်စွက်ပြဋ္ဌာန်းထားတာကို တွေ့ရမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၅)ကတော့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ လွှတ်တော်အစည်းအဝေး တက်ခြင်းမှခွင့်ပန်ကြားခြင်းနှင့် ခွင့်မဲ့ပျက်ကွက်ခြင်းအကြောင်းတွေ ပါရှိမှာဖြစ်ပါတယ်။ အခန်း(၆)မှာ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ အခန်းဖြစ်ပြီးတော့ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးချယ်တင်မြှောက်ခြင်း၊ တာဝန်ထမ်းဆောင်ခြင်းစသည်တို့ကို ဖော်ပြထားပါတယ်။ အခန်း(၇)မှာတော့ လွှတ်တော်ကိုယ်စားလှယ်တွေအတွက် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခြင်းအကြောင်းကို ဖော်ပြထားတာကို တွေ့ရမှာဖြစ်ပါတယ်။ အခန်း(၈)မှာ လွှတ်တော်အဖွဲ့အစည်းများ ဖွဲ့စည်းခြင်းဆိုင်ရာကဏ္ဍကို ဖော်ပြထားပြီးတော့ လွှတ်တော်ရဲ့ကော်မတီများ၊ ပူးပေါင်းကော်မတီများဖွဲ့စည်းခြင်း၊ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ သက်တမ်းသတ်မှတ်ခြင်း၊ ကော်မရှင်ဖွဲ့စည်းခြင်းနှင့် ပါဝင်ရမယ့်အဖွဲ့ဝင်များဆိုင်ရာကိစ္စတွေကို ဖော်ပြထားတာကို တွေ့ရမှာဖြစ်ပါတယ်ခင်ဗျား။ အခန်း(၉)မှာတော့ လွှတ်တော်အစည်းအဝေးများ ကျင်းပခြင်းဆိုင်ရာများကို

ဖော်ပြထားပြီးတော့ လွှတ်တော်အစည်းအဝေးများမှာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များရဲ့ တင်ပြခွင့်ကို ဖြည့်စွက်ပြီးတော့ ဖော်ပြထားတာကိုတွေ့ရမှာ ဖြစ်ပါတယ်။ အခန်း(၁၀)မှာတော့ နိုင်ငံတော်သမ္မတနှင့် ပြည်သူ့လွှတ်တော်ဆက်သွယ်ရေး၊ အခန်း(၁၁)မှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများနှင့် ဆက်သွယ်ခြင်းဆိုင်ရာကိစ္စများကို ဖြည့်စွက်ဖော်ပြထားပါတယ်ဆိုတာ တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၁၂)မှာတော့ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့် လွှတ်တော်ကဏ္ဍကို ဖော်ပြထားပါတယ်။ အခန်း(၁၃)မှာ တားမြစ်ချက်နဲ့ပြစ်ဒဏ်များဖော်ပြထားပြီး နောက်ဆုံး အခန်း(၁၄)အထွေထွေခန်းမှာ လွှတ်တော်ကိုယ်စားလှယ်ရုံးခန်းဖွင့်လှစ်နိုင်ရေး၊ လွှတ်တော်ရုံးနှင့် လွှတ်တော်လုပ်ငန်းဆိုင်ရာကိစ္စရပ်များအတွက် ဘဏ္ဍာငွေအရ အသုံးခန့်မှန်းခြေငွေစာရင်းကို လွှတ်တော်မှ ရေးဆွဲဆောင်ရွက်နိုင်ရေးစသည်တို့ကို ဖြည့်စွက်ထားတာကို တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုတင်ပြတဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းမှာ ပြည်သူ့လွှတ်တော်လုပ်ငန်းများကို မျက်မှောက်အခြေအနေနဲ့ လျော်ညီစွာ၊ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ယခုဥပဒေကို ပြင်ဆင်ရေးဆွဲပြီးတော့ လွှတ်တော်မှာ ဆွေးနွေး တင်ပြနိုင်ရန်အတွက် လွှတ်တော်သို့ တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၄ ၊နည်းဥပဒေခွဲ (ခ)အရ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ရှင်းလင်းမည့်သူအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်မြင့်(ဇီးကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ဇီးကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၏တာဝန်ပေးချက်အရ ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းအပေါ် စိစစ်တွေ့ရှိချက်အားအစီရင်ခံတင်သွင်းခြင်းဖြစ်ပါတယ်။ အပိုဒ်(၁) ၂၀၁၀ ပြည့်နှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေသည် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာမည့်

လွှတ်တော်အသီးသီး၏ လွှတ်တော်ဆိုင်ရာလုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာမည့် လွှတ်တော်အသီးသီးရဲ့ လွှတ်တော်ဆိုင်ရာလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ နှင့်အညီ ပြဋ္ဌာန်းပေးခဲ့သည့် ဥပဒေဖြစ်ပါတယ်။ အပိုဒ်(၂) ၂၀၁၀ ပြည့်နှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြောင်းလဲလာခဲ့သော ခေတ်စနစ်အရ ပြောင်းလဲသုံးစွဲရမည့် စကားရပ်များ ပါရှိနေခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်၏ ဥပဒေပြုရေးအာဏာကို အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့နှင့် တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်လာခြင်းတို့ကြောင့် ယခုတင်သွင်းသည့် ၂၀၁၁ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းကို တင်သွင်းရခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ အပိုဒ် (၃) ၂၀၁၁ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁) အခြေခံမူများနှင့်အညီ ရေးဆွဲပြဋ္ဌာန်းထားရှိပြီး လွှတ်တော်၏ဥပဒေပြုရေးတာဝန်များကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် စောင့်ထိန်းရမည့်ကျင့်ဝတ်၊ လိုက်နာရမည့် စည်းကမ်းများ ပျက်ကွက်မှုရှိပါက အရေးယူခံရမည့် အပိုင်းများကိုလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများကိုလည်းကောင်း၊ လွှတ်တော်လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် မည်သို့ညှိနှိုင်းဆောင်ရွက်နိုင်သည်ကိုလည်းကောင်း အသေးစိတ် ပြင်ဆင်ရေးဆွဲထားရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ အပိုဒ်(၄) လွှတ်တော်ဥပဒေပြုလုပ်ငန်းများ ပီပြင်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် လွှတ်တော်လုပ်ငန်းဆိုင်ရာကိစ္စအဝဝအတွက် ကုန်ကျမည့် နှစ်စဉ်ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းများ လျာထားရေးဆွဲခြင်း၊ ဘဏ္ဍာငွေခွဲဝေချထားမှုအပေါ်တွင် သီးခြားရပ်တည်ခြင်းတို့ကိုပါ ထည့်သွင်းရေးဆွဲထားရှိကြောင်း တွေ့ရှိရပါတယ်။ အပိုဒ်(၅) ဤဥပဒေကြမ်းကော်မတီသည် ဥပဒေကြမ်းများကို စိစစ်ရာတွင် အခြေခံမူ ၁၂ ရပ်အပေါ် အခြေခံပြီး စိစစ်ရပါတယ်။ ဤဥပဒေကြမ်းသည် အခြေခံမူ ၁၂ ချက်နှင့် ညီညွတ်သည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်လည်းကောင်း၊ နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားကိုလည်းကောင်း၊ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်

နိုင်မည့် ဥပဒေကြမ်းဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့လွှတ်တော် ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းထားတဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက် (တနင်္လာနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၅၊ ၁၅၇ တို့နှင့် အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များသည် ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ စာသားတို့ကို တိတိကျကျ ဖော်ပြ၍ ၂၃-၉-၂၀၁၁ ရက်(သောကြာနေ့)နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အစည်းအဝေး ၂၀ ရက်မြောက်နေ့မှာ တင်သွင်းခဲ့တဲ့ ဝေးလံခေါင်သီ၍ လူမှုရေး ခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အစိုးရဌာနဆိုင်ရာဝန်ထမ်းများအတွက် နိုင်ငံတော်အစိုးရမှ ဒေသစရိတ်(ဝါ)ရှားပါးစရိတ်ကို အခြေအနေနှင့် လိုက်လျောညီထွေရှိသော နှုန်းထားပြောင်းလဲရေးအဆိုနဲ့စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ၈ ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။ ပထမဦးစွာ နန်းယွန်းမဲဆန္ဒနယ်မှ ဦးဇင်းဝမ် အား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးဇင်းဝမ်(နန်းယွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နဲ့ တစ်လုံးတစ်ဝ ပြည့်စုံနိုင်ကြပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇင်းဝမ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဇုန်းတိန့်ရဲ့ ၂၀-၉-၂၀၁၁ ရက်နေ့က လွှတ်တော်အစည်းအဝေးမှာ တင်သွင်းထားတဲ့ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အစိုးရဌာန ဆိုင်ရာဝန်ထမ်းများအတွက် နိုင်ငံတော်အစိုးရမှ ဒေသစရိတ် သို့မဟုတ် ရှားပါးစရိတ်များကို အခြေအနေနှင့် လိုက်လျောညီထွေရှိသော နှုန်းထားပြောင်းလဲပေးရေးအဆိုအား ထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင် နိုင်ငံတော်ကောင်စီ

လက်ထက် နိုင်ငံတော်ကောင်စီ၏ ၉-၅-၆၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၂/၆၉ အရ ဒေသရှားပါးစရိတ်ခံစားခွင့်ပြုသင့်သော လူမှုရေးအခက်အခဲဆုံး မြို့နယ် ၂၂ မြို့နယ် သတ်မှတ်ပြီး၊ ၁၉၇၉ ခုနှစ်၊ ဇွန်လ ၁ ရက်မှစပြီး ခံစားခွင့်ပြုထားကြောင်း တွေ့ရှိရပါတယ်။ အဲဒီမြို့တွေကတော့ ကချင်ပြည်နယ်မှာ ကိုးမြို့နယ်၊ ကရင်ပြည်နယ်မှ တစ်မြို့နယ်၊ ရှမ်းပြည်နယ်မှာ ခြောက်မြို့နယ်၊ ချင်းပြည်နယ်မှာ သုံးမြို့နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီးမှာ သုံးမြို့နယ်တို့ ပါဝင်ခဲ့ကြောင်း လေ့လာ တွေ့ရှိရပါတယ်။ ထိုစဉ်က လူမှုရေးအခက်အခဲဆုံးမြို့နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများကို လစာအပြင် ဒေသရှားပါးစရိတ်အဖြစ် နိုင်ငံတော်အစိုးရမှ ရာထူး၊ စကေးအလိုက် ၇၀ ကျပ်၊ ၈၀ ကျပ်၊ ၈၅ ကျပ်၊ ၉၀ ကျပ်၊ ၁၀၀ ကျပ် အသီးသီးထောက်ပံ့ပေးခဲ့တာကို တွေ့ရှိရပါတယ်။ ဒါ့ကြောင့် ထိုစဉ်က ဝေးလံခက်ခဲသော ဒေသများတွင် တာဝန်ထမ်းဆောင်ကြသည့် နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် ထိုကာလကုန်ဈေးနှုန်းနှင့် လိုက်လျောညီထွေသော ထောက်ပံ့မှုရရှိခြင်းကြောင့် အထိုက် အလျောက် သက်သာချောင်ချိမှု ရရှိကြပါ တယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဝေးလံခေါင်သီ၍ လူမှုရေး အခက်အခဲဆုံးမြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများအနေဖြင့် -

၁။ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုအရ မတန်တဆဝန်ဆောင်စရိတ်ပေးပြီး ခရီးသွားလာရ ခြင်း၊

၂။ ကုန်ဈေးနှုန်းကြီးမြင့်မှုကို ခံစားရခြင်း၊

၃။ ကျန်းမာရေးစောင့်ရှောက်မှုစရိတ်ကြီးမြင့်မှုခံရခြင်း၊

၄။ အခြားလူမှုရေးအခက်အခဲများနှင့် ရင်ဆိုင်ရခြင်းတို့ ကြုံတွေ့နေရပါတယ်။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုအရ ခြေလျင်၊ ဆိုင်ကယ်ဖြင့် ခက်ခဲစွာ သွားလာရပါတယ်။ နိုင်ငံ့ဝန်ထမ်းတစ်ယောက်ဟာ တာဝန်ဖြင့် ခရီးသွားရသည့်အခါ ဆိုင်ကယ်ကယ်ရီကို အခကြေးငွေ နှုန်းထား ကြီးမြင့်စွာပေး၍ ငှားရမ်းသွားလာ ရပါတယ်။ တစ်ဖန် ကုန်ဈေးနှုန်းကြီးမြင့်မှုအရ အခြေခံ စားကုန် ဖြစ်တဲ့ ဆန်ဈေးနှုန်း၊ ဆီဈေးနှုန်း ကြီးမြင့်ခြင်း၊ လူသုံးကုန်ဖြစ်တဲ့ ဖယောင်း၊ ဆပ်ပြာစသည်တို့ ဈေးနှုန်းများအဆမတန် ကြီးမြင့်ခြင်းတို့ကို တွေ့ကြုံကြရပါတယ်။ ဥပမာ- နန်းယွန်းမြို့မှာ ဆန်တစ်အိတ်ဈေးနှုန်းဟာ ၃၆၀၀၀ ကျပ်၊ ပဲဆီတစ်ပိဿာ ၇၅၀၀ ကျပ်ဖြစ်ပြီး၊ ဖယောင်းတိုင် တစ်ထုတ်ဈေးမှာ ၁၀၀၀ ကျပ်၊ ရွှေဝါဆပ်ပြာတစ်ပိုင်း ၈၀၀ ကျပ် ပေးဝယ်ရပါတယ်။ မြစ်ကြီးနားမှာ ဆိုရင် ဆန်တစ်အိတ်က ၂၇၀၀၀ ကျပ်ခန့်သာဖြစ်ပြီး ဆီတစ်ပိဿာ ၂၅၀၀ ကျပ်၊ ဖယောင်းတစ်ထုတ်

၂၅ဝ ကျပ်၊ ရွှေဝါတစ်ပိုင်း ၂၅ဝ ကျပ်သာဖြစ်တဲ့အတွက် ကုန်ပစ္စည်းဈေးနှုန်း တန်ဖိုးကွာဟချက်ဟာ အလွန်ကြီးမြင့်နေပါတယ်။ နိုင်ငံ့ဝန်ထမ်းများရဲ့ အနိမ့်ဆုံးလစာဟာ ၃၅ဝဝဝ ကျပ်ဖြစ်တဲ့အတွက် အထက်က ဆန်တစ်အိတ်ဈေးနှုန်းနဲ့နှိုင်းယှဉ်ရင် မိသားစုရှိတဲ့ ဝန်ထမ်းအနေဖြင့် လွန်စွာမှ အခက်အခဲ ဖြစ်နေသည်ကို တွေ့ရှိရပါတယ်။ အလားတူပဲ ဝေးလံခက်ခဲသော အခြားမြို့နယ်များတွင်လည်း ထိုနည်း၎င်း ဖြစ်နေသည်ကို လေ့လာတွေ့ရှိရပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှု အနေဖြင့်လည်း ဆေးရုံ၊ ဆေးခန်းများတွင် ဆေးဝါးများမလုံလောက်မှုကြောင့် လိုအပ်သည့်ဆေးဝါးများကို ပြင်ပဆေးဆိုင်များမှ ဈေးနှုန်းကြီးမြင့်စွာဖြင့် ဝယ်ယူသုံးစွဲရပါတယ်။ အထူးသဖြင့် မိသားစုရှိသည့် နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် စားဝတ်နေရေးခက်ခဲမှုကြောင့် စိတ်ဖိစီးမှုကိုခံစားရပြီး မိမိလုပ်ငန်းတာဝန်အပေါ်တွင် စိတ်သွားတိုင်းကိုယ်မပါနိုင် ဖြစ်လာရပါတယ်။ ထိုအခါ ဝန်ထမ်းများသည် ၎င်းတို့လုပ်ငန်း ဆောင်ရွက်ရာ၌ တာဝန်ယူမှု၊ တာဝန်ခံမှုအားနည်းလာပြီး ဌာနလုပ်ငန်းမှတစ်ဆင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ထိခိုက်လာတာကို တွေ့ရှိရပါတယ်။ ဒါ့ကြောင့် ဝေးလံခက်ခဲပြီး လူမှုရေး အခက်အခဲဆုံးမြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများအတွက် ကာလ ကုန်ဈေးနှုန်းနှင့် လိုက်လျောညီထွေရှိသော ဒေသစရိတ် သို့မဟုတ် ရှားပါးစရိတ် ချမှတ်ထောက်ပံ့ပေး သင့်ပါကြောင်းအလေးထား တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုန်းတိန့်ရဲ့ အဆိုအား အလေးအနက်ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်းဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးထန်းလိန်း(မင်းတပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာ ပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထန်းလိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဇုန်းတိန့်တင်သွင်းခဲ့တဲ့ ဝေးလံခေါင်သီ၍ လူမှုရေး ခက်ခဲသော ဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အစိုးရဌာနဆိုင်ရာ ဝန်ထမ်းများအတွက် နိုင်ငံတော်အစိုးရမှ ဒေသစရိတ် သို့မဟုတ် ရှားပါးစရိတ်များကို အခြေအနေနှင့် လိုက်လျောညီထွေရှိသော နှုန်းထားပြောင်းလဲရေးအဆိုနဲ့ပတ်သက်ပြီး ကျွန်တော် ဆွေးနွေးတင်ပြ သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွေမှာ အဓိကအခန်းကဏ္ဍမှာ ပါဝင်ကြတဲ့ နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံတော်မှာ ဖြစ်ပေါ်ပြောင်းလဲနေတဲ့ ကုန်ဈေးနှုန်းနဲ့ ငွေကြေးလည်ပတ်မှုအပေါ် ချင့်ချိန်တွက်ချက်ပြီး လစာများပြုပြင်ပြောင်းလဲတိုးမြှင့် ခံစားခွင့်ပြုခဲ့တာကို တွေ့မြင်နေကြရမှာ ဖြစ်ပါတယ်။ ဝေးလံခေါင်းပါးတဲ့ ဒေသများမှာ တာဝန်ထမ်းဆောင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းများအတွက်လည်း ရှားပါးစရိတ်များ သီးခြားတွက်ချက် ခံစားခွင့်များ ပြုခဲ့တာကိုလည်း တွေ့ရှိကြရမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ဦးဖုံးတိန့် အဆို တင်ပြခဲ့တဲ့အတိုင်းပဲ ခေတ်အဆက်ဆက် ခေတ်နဲ့လိုက်လျောညီထွေဖြစ်တဲ့ လိုက်လျောညီထွေမှုရှိရန်အတွက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက် နိုင်ငံတော်ကောင်စီရဲ့ ၉-၅-၁၉၇၉ နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၂/၇၉ ဖြင့်လည်းကောင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အစိုးရလက်ထက်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ၂၀-၄-၈၉ နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၄ ဖြင့် လည်းကောင်း ဝေးလံခက်ခဲတဲ့ ဒေသတွေမှာ တာဝန်ထမ်းဆောင်နေကြတဲ့ အစိုးရဝန်ထမ်းများအား ဒေသစရိတ် သို့မဟုတ် ရှားပါးစရိတ်များ ပြုပြင်တိုးမြှင့်ခံစား စေခဲ့တာကိုလည်း တွေ့ရှိကြရပါတယ်။ သို့သော်လည်းပဲ အဲဒီနောက်ပိုင်းမှာ ဝန်ထမ်းများ လစာပြုပြင်တိုးမြှင့်ခံစားခွင့် ပေးသော်လည်းပဲ ရှားပါးစရိတ်များ ပြုပြင်တိုးမြှင့်ခဲ့ခြင်း မရှိကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် နိုင်ငံတော်မှာ ဖြစ်ပေါ်ပြောင်းလဲနေတဲ့ ကုန်ဈေးနှုန်းနဲ့ ငွေကြေးလည်ပတ်မှုအပေါ်အခြေခံပြီး နိုင်ငံ့ဝန်ထမ်းများလစာနဲ့ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ လစာကိုပါတိုးမြှင့်ခံစားခွင့်ပြုသလိုပဲ ဝေးလံခက်ခဲတဲ့ဒေသမှာ တာဝန်ထမ်းဆောင်နေကြတဲ့ အစိုးရဝန်ထမ်းများအတွက်လည်း ယခင်ကခွင့်ပြုခဲ့ပြီး ဖြစ်တဲ့စရိတ်၊ ဒေသစရိတ်၊ ရှားပါးစရိတ်များကို ပြင်ဆင်တိုးမြှင့်ခံစားခွင့်ပြုသင့်ပါကြောင်း ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ်မှ ဦးဇုန်းတိန့်အဆိုကို အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မဲ့စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးကျော်ခိုင်ဝင်း(မဲ့စဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ မဲ့စဲ့မဲဆန္ဒနယ်က ပညာရေးဝန်ထမ်းဟောင်းတစ်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ ချီဖွေ မဲဆန္ဒနယ်မှ ဦးဇုန်းတိန့်အဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်နေထိုင်တဲ့ မဲ့စဲ့မြို့နယ်ဟာ ကယားပြည်နယ်ရဲ့ အဝေးဆုံးနဲ့ အသေးဆုံးနယ်စပ်မြို့တစ်မြို့ ဖြစ်ပါတယ်။ ၁၉၉၁ ခုနှစ်မှာ မြို့နယ်သစ်အဖြစ်

ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး မြို့ပေါ်မှာ ရပ်ကွက် ၂ ခုနဲ့ လက်ဖက်ရည်တစ်ဆိုင်ပဲ ရှိပါတယ်။ ယနေ့ဆိုရင်တော့ အနှစ်၂၀ အတွင်း ကွက်သစ်ရပ်ကွက်ဆိုပြီး ရပ်ကွက်တစ်ခုနဲ့ လက်ဖက်ရည်ဆိုင် နောက်တစ်ဆိုင် တိုးနေပြီဖြစ်ပါတယ်။ လွိုင်ကော်ကနေ မိုင် ၁၁၀ ကွာဝေးပါတယ်။ ယနေ့အထိ နေ့စဉ်ပြေးဆွဲတဲ့ လိုင်းကားမရှိသေးပါဘူး။ ခုနှစ်ရက်တစ်ပတ်မှာ ပျှမ်းမျှတစ်စီးခန့်သာ ကုန်အပြည့်၊ လူအပြည့် တင်ဆောင်ပြေးဆွဲတဲ့ ခြောက်ဘီးကားကြီးများသာ ရှိပါတယ်။ ကားခအနေနဲ့ပြောရရင် လွိုင်ကော် ကနေ ဖားဆောင်းအထိ ၇၅ မိုင်ကို ကုန်ချိန် တစ်ပိဿာ ၁၀၀ ကျပ်၊ လူစီးခတစ်ယောက် ၇၅၀၀ ကျပ် ဖြစ်ပြီး ဖားဆောင်းကနေ ၃၅ မိုင်ဝေးတဲ့ခရီးကို ကုန်ချိန်တစ်ပိဿာ နောက်ထပ် ၁၀၀ ကျပ် တိုးယူပါတယ်။ လူစီးခ ၅၀၀၀ ကျပ်ဖြစ်ပါတယ်။ လွိုင်ကော် မှာ ခရမ်းချဉ်သီးတစ်ပိဿာကို ၁၀၀ကျပ်/ ၁၅၀ ကျပ်လောက် ရှိနေတဲ့အချိန်မှာ ကျွန်တော်တို့ မဲ့စဲ့မှာ တော့ ၁၅၀၀ ကျပ်လောက်နဲ့ ဝယ်စား ရပါတယ်။ ဒါကလည်း ဘာ့ကြောင့်ဖြစ်သလဲဆိုရင် ကားက အသွားကုန်သာရှိပြီး အပြန်ကုန်မရှိတဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။ အဲဒါကြောင့် ဒေသခံပြည်သူများသာမက ဌာနဆိုင်ရာ ဝန်ထမ်းအားလုံး ကလည်း ကုန်ဈေးနှုန်းမြင့်မားမှုဒဏ်ကို ခံစားကြရပါတယ်။ ကုန်ဈေးနှုန်းကြီးတာကို ချွေတာစားသုံး ခြင်းဖြင့် တောင့်ခံနိုင်ကြပေမယ့် တောတောင်ထူထပ် လျှိုမြောင်စိမ့်စမ်း ပေါများတဲ့ဒေသဖြစ်လို့ ငှက်ဖျားရောဂါရဲ့ ဒဏ်ကိုတော့ဖြင့် မြို့နယ်ဆရာဝန်ကြီးများကိုယ်တိုင်ပင် တစ်နှစ်ထားနယ်မြေဖြစ် သော်လည်း ငှက်ဖျားကို မီးစမ်းပြီးမှ ပြန်သွားကျရတာဖြစ်ပါတယ်။ ကျန်တဲ့ဝန်ထမ်းအားလုံးက နှစ်နှစ် နေရမယ်။ နှစ်နှစ်ပြည့်မှ ပြောင်းရမယ်ဆိုပေမယ့် အကြောင်းအမျိုးမျိုးကြောင့် လေး၊ ငါးနှစ် နေရသူ တွေလည်း အများကြီးရှိပါတယ်။ မည်သို့ပင် ဆိုစေကာမူအချုပ်အားဖြင့် တင်ပြချင်တာကတော့ နယ်စပ်ချင်းအတူတူ မြဝတီ၊ တာချီလိတ်၊ မူဆယ်၊ နမ့်ခမ်းမြို့တွေကိုသာ သွားရောက်တာဝန် ထမ်းဆောင်လိုကြပေမယ့် ကျွန်တော်တို့ မြို့ကလေးကိုတော့ ဘယ်သူမှမလာချင်ကြပါဘူး။ ဒါ့ကြောင့် နယ်စပ်ဒေသများ သာမက အခြားတိုင်းဒေသကြီး ပြည်နယ်များမှာလည်း ဝေးလံခက်ခဲတဲ့ ဒေသတွေ ရှိကြပါတယ်။ အဲဒီလို ခက်ခဲတဲ့ဒေသတွေမှာ သွားရောက်တာဝန်ထမ်းဆောင်ကြတဲ့ ဝန်ထမ်းတွေ အားလုံးအတွက် အကျိုးရှိစေမယ့် ယခုအဆိုကို လိုက်လှဲစွာကြိုဆို ထောက်ခံပါကြောင်း တင်ပြအပ်ပါ တယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးစီခန်ရမ် ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစီခန်ရမ်(ခေါင်လန်ဖူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစီခန်ရမ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချီဖွေမဲဆန္ဒနယ်မှ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖုံးတိန့် တင်သွင်းခဲ့သော လမ်းခရီးဝေးလံခေါင်သီ၍ လူမှုရေး ခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိတဲ့ အစိုးရဌာနဆိုင်ရာဝန်ထမ်းများအတွက် နိုင်ငံတော်အစိုးရမှ ဒေသစရိတ် သို့မဟုတ် ရှားပါးစရိတ်များကို အခြေအနေနှင့် လိုက်လျောညီထွေမှု ရှိအောင် နှုန်းထားပြောင်းလဲရေးအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်နိုင်ငံတော်အစိုးရလက်ထက်များက ဝေးလံ၍ လူမှုရေးခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်ကြတဲ့ အစိုးရဝန်ထမ်းများအား ဒေသစရိတ် ပံ့ပိုးထောက်ပံ့ပေးခဲ့ပါတယ်။ လူမှုရေးအခက်အခဲဆုံး ဝေးလံဒေသမြို့နယ်များတွင် ဒေသစရိတ် အနည်းဆုံး ၇၅ ကျပ်မှ အများဆုံး ၁၀၀ အထိ သတ်မှတ်ပေးခဲ့တာကို တွေ့ရပါတယ်။ အဲဒီလို သတ်မှတ် ပေးသောဒေသစရိတ်ဟာ ထိုအချိန်အခါအတွက် သင့်လျော်မှုရှိခဲ့သော်လည်း ယနေ့ ကုန်ဈေးနှုန်း နှင့် နှိုင်းယှဉ်ကြည့်ပါက လိုက်လျောညီထွေမှု မရှိတော့ပါ။ လွန်စွာမှ ကွာဟမှုရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်အစိုးရဲ့ မေတ္တာ၊ စေတနာကြောင့် ဝန်ထမ်းလစာနှုန်းများကိုလည်း ၁၉၈၉ ခုနှစ်၊ ၁၉၉၃၊ ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၀၆ ခုနှစ်များ တွင် အကြိမ်ကြိမ် တိုးပေးခဲ့ပါတယ်။ နောက်ဆုံးမှာ ၃၁-၁၂-၂၀၀၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၈၄/၂၀၀၉) ဖြင့် ဝန်ထမ်း လစာနှုန်းသစ် ပြင်ဆင်သတ်မှတ်ပေးခဲ့သောကြောင့် လူနေမှုအခက်အခဲများကို ဖြေရှင်းနိုင်ခဲ့ပါတယ်။ သို့ရာတွင် ဝေးလံဒေသကုန်ဈေးနှုန်းများသည် တစ်နေ့တခြား တိုးတက်မြင့်မားလာမှုများကြောင့် အစိုးရဝန်ထမ်းများ ပိုမို၍အကျပ်အတည်းများနှင့် တွေ့ကြုံရင်ဆိုင်နေရတာကို တွေ့ရပါတယ်။ မြေပြန့် ဒေသနဲ့ ဝေးလံဒေသ ကုန်ဈေးနှုန်းများ ကွာဟမှုကို လေ့လာသိရှိနိုင်ရန် ကချင်ပြည်နယ် မြို့နယ် အတွင်းရှိ မြို့နယ်တချို့ကို အခြေခံ၍ နှိုင်းယှဉ်တင်ပြလိုပါတယ်။ ယနေ့ နေပြည်တော်တွင် ဆန်တစ်ပြည်အနိမ့်ဆုံး ၆၅၀ မှ အများဆုံး ၁၆၀၀ နှုန်း ရှိတဲ့အခါ ခေါင်လန်ဖူးတွင် ကျပ် ၄၀၀၀၊ ပန်နန်းဒင်တွင် ကျပ် ၄၅၀၀ နှုန်း ဝယ်စားရပါတယ်။ နေပြည်တော်တွင် စားအုန်းဆီ တစ်ပိဿာ ကျပ် ၂၀၀၀ ရှိသည့်အခါ ချီဖွေ၊ ဆော့လော်နှင့် ပူတာအိုတွင် ကျပ် ၅၀၀၀၊ ခေါင်လန်ဖူးနှင့် ပန်နန်းဒင်တွင် ကျပ် ၆၀၀၀ ဈေးရှိပါတယ်။ နေပြည်တော်တွင် ဆားတစ်ပိဿာ ကျပ် ၂၀၀ မှ ၄၀၀ ရှိသော်လည်း ချီဖွေ၊ ဆော့လော်နှင့် ပူတာအိုတွင် ကျပ် ၁၀၀၀ နှင့် နောင်မွန်းတွင် ကျပ် ၂၀၀၀ ဈေးဝယ် စားနေရပါတယ်။ အလားတူ အခြားသော စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကိုလည်း ဈေးနှုန်း နှစ်ဆ၊ သုံးဆစသည်ဖြင့် ဝယ်ယူစားသုံးကြရပါတယ်။ ဝေးလံဒေသရှိ အောက်ခြေဝန်ထမ်းတစ်ဦးရဲ့ လစာနှုန်းကို ကြည့်မယ် ဆိုလို့ရှိရင် ကျပ်လေးသောင်းရရှိပါတယ်။ ကျပ်လေးသောင်းနဲ့ ခေါင်လန်ဖူး မှာရှိတဲ့ ဝန်ထမ်းတွေက ဆန်ဆယ်ပြည်သာ ဝယ်ယူရရှိနိုင်တာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ဝန်ထမ်း

တစ်ဦးအတွက် ဖူလုံမှုရှိသော်လည်းပဲ မိသားစုတစ်ခုအတွက် ရိက္ခာဖူလုံမှုမရနိုင်တာကို တွေ့ရပါတယ်။ မိသားစုရဲ့ စာဝတ်နေရေးပြဿနာဖြေရှင်းရန်လည်းပဲ ရင်လေးစရာဖြစ်တာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တာဝန်အရ ခရီးသွားလာကြရာမှာလည်းပဲ အထမ်းသမားတစ်ဦး တစ်ရက်လျှင် သယ်ဆောင်ခ ကျပ် ၅၀၀၀ ပေးရပါတယ်။ စီးပွားရေးသမားများနှင့် NGO အဖွဲ့အစည်းများ ကျင့်သုံးတဲ့ နှုန်းအတိုင်းသာ လက်ခံကျင့်သုံးကြတာကို တွေ့ရပါတယ်။ ချီဖွေ၊ ဆော့လော်၊ ခေါင်လန်ဖူးနှင့် နောင်မွန်းမြို့နယ်များ၌ ကျပ် ၅၀၀၀ ကျင့်သုံးတာကို တွေ့ရပါတယ်။ မိသားစု စားဝတ်နေရေးနှင့် ကုန်ဈေးနှုန်းကိုသာ အကြောင်းပြပြီးမှ တစ်ဦးကို အထမ်းခ ၅၀၀၀ ကျပ် တောင်းတာကို တွေ့ရပါတယ်။ ဝေးလံသောနယ်စပ်ဒေသတွင် တာဝန်ထမ်းဆောင်ကြတဲ့ ဝန်ထမ်းများ အတွက် မိမိတာဝန်ကျရာသို့ ရောက်ရှိနိုင်ရန်အတွက် ရက်ပေါင်း ၁၀ ရက်မှ ၁၅ ရက်အကျော် ခရီးစဉ်ကို အထမ်းခ ၁၅ ရက် ၅၀၀၀ နှုန်းနဲ့ဆိုရင် ၇၅၀၀၀ ပေးရပါတယ်။ အဲဒီအပြင် စားစရိတ်များပါ သိန်းဂဏန်းကုန်ကျခံရတာကိုလည်း တွေ့ရပါတယ်။ အဲဒါကြောင့် ရေရှည်တာဝန်ထမ်းဆောင်ရန် ဝန်ထုပ်ဝန်ပိုး ဖြစ်ကြပါတာ လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့် ဝေးလံ၍ လူမှုရေးခက်ခဲသောဒေသတွင် တာဝန်ထမ်းဆောင်ကြတဲ့ အစိုးရဝန်ထမ်းများရဲ့ လူမှုရေးအခက်အခဲ ဖြေရှင်းနိုင်ရန်အတွက်မှာ လုံလောက်သောဒေသစရိတ်ကို အထူး အစီအစဉ်တစ်ရပ်အဖြစ် နိုင်ငံတော်က ဦးစားပေး၍ စီမံဆောင်ရွက်ပေးသင့်ကြောင်း ဆွေးနွေး တင်ပြလိုပါတယ်။ ထိုသို့ စီမံဆောင်ရွက်ပေးရာမှာ ယခင်အခေါ်အဝေါ်ခက်ခဲသော ဒေသသို့မဟုတ် အခက်အခဲဆုံး ဒေသဟူသော အသုံးအနှုန်းများသည် ဝန်ထမ်းများအား စည်းရုံးလှုံ့ဆော်ပေးရာ မရောက်ဘဲ စိတ်ကိုနောက်တွန့် ဟန့်တားစေပါသဖြင့် ဝန်ထမ်းများအား စည်းရုံးရာ၌ စိတ်ပါဝင်စားစေပြီး ဆွဲဆောင်မှုရှိသော အခေါ်အဝေါ်အသုံးအနှုန်းများကို သုံးပြီးမှ ဖိတ်ခေါ်သင့်သည်ဟု အကြံပြုဆွေးနွေးလိုပါတယ်။ ဥပမာ ပြောရမယ်ဆိုရင် အထူးဒေသသို့မဟုတ်ဆိုလို့ရှိရင် ဦးစားပေးဒေသအဆင့် ၁၊ ၂၊ ၃ စသဖြင့် နိုင်ငံတော်က ဝန်ထမ်းများအား အထူးဦးစားပေး၍ ပံ့ပိုးကူညီပေးသော ဒေသဖြစ်သည်ကို သိရှိသွားပါက မည်သူမဆို ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုလုပ်ငန်းများ မှာ စိတ်ဝင်စားပြီး စိတ်အားထက်သန်စွာ ရေရှည်တာဝန် ထမ်းဆောင်လာလိမ့်မယ်လို့ မျှော်လင့် ကြောင်း ဆွေးနွေးတင်ပြရင်း ချီဖွေမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့်ရဲ့ အဆိုကို လိုက်လိုက်လှဲလှဲထောက်ခံ၍ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ထီးလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ဌေး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ဌေး(ထီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နဲ့တကွ ပြည်သူ့လွှတ်တော်လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော် အပေါင်း အားလုံးကျန်းမာ၊ ချမ်းသာပါစေကြောင်း မေတ္တာပို့သနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်က တော့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ထီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေးပဲ ဖြစ်ပါတယ်။ အဆိုရှင် ချီဖွေမဲဆန္ဒနယ်က ဦးဇုံးတိန့်ရဲ့အဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ရဲ့ မြေပြင်၊ ပထဝီဝင်အနေအထားကို ကြည့်မယ်ဆိုရင် တောင်ကုန်းတောင်တန်းများ၊ မြစ်ချောင်းများ၊ မြေပြန့်လွင်ပြင်များနဲ့ ပိုင်းခြားထားတာကို အသီးသီးတွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ နေရာဒေသ အနှံ့အပြားမှာ ဒေသတစ်ခုနဲ့တစ်ခု ဖွံ့ဖြိုးတိုးတက်မှု၊ ကွာဟမှုများကို နိုင်ငံတော်အစိုးရ အနေနဲ့လည်း ဘက်ပေါင်းစုံ၊ ဘက်စုံ၊ ထောင့်စုံမှ တိုးတက်မှုများ ဖန်တီးမှုများ လုပ်ဆောင်ပေးတဲ့ အတွက် အတော်အသင့်တိုးတက်ပြီးတော့ ဒေသတော်တော်များများမှာ ဖွံ့ဖြိုးတိုးတက်လာတာကို တွေ့ရှိပြီး ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရမှာလည်း အရင်ခေတ်အဆက်ဆက်ကနေပြီးတော့ ယခုအချိန်အထိ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ဝန်ထမ်းများကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ပြီးတော့ ပံ့ပိုးပေးခြင်း၊ မကြာခင်သောကာလက အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများကိုတိုးမြှင့်ပေးခြင်း အတွက် ပြုံးပျော်ပီတိဖြစ်ခံစားရတာကို တွေ့မြင်ပြီး ဖြစ်ပါတယ်။ အဆိုရှင် ဦးဇုန့်တိန့်အထဲမှာ ဝေးခံခေါင်သီ၍ လူမှုရေးခက်ခဲသောနေရာ ဆိုထားတဲ့အတွက် အခက်အခဲဆုံးအဆင့် ၂၅ မြို့နယ်နှင့် ခက်ခဲသောအဆင့် ၂၃ မြို့နယ် စုစုပေါင်း ၄၈ မြို့နယ် ကျွန်တော့်အနေနဲ့ လေ့လာသိရှိခဲ့ရပါတယ်။ ဝန်ထမ်းတစ်ဦးလျှင် လစာလစဥ်အနည်းဆုံး ၆၀ ကျပ်မှ ၁၀၀ ကျပ်အထိ တောင်တန်းစရိတ်ရရှိခဲ့တာကို တွေ့မြင်ခဲ့ရပါတယ်။ အဲဒီမြို့နယ်တွေကတော့ ချင်းပြည်နယ်မှာ ကိုးမြို့နယ်၊ ကချင်၁၀မြို့နယ်၊ တနင်္သာရီမှာ တစ်မြို့နယ်၊ ရခိုင်နှစ်မြို့နယ်၊ စစ်ကိုင်းတိုင်းသုံးမြို့နယ်၊ ရှမ်းပြည်နယ် ၁၄ မြို့နယ်၊ ရန်ကုန်တိုင်း ကိုကိုးကျွန်းတစ်မြို့နယ်၊ ကရင်ပြည်နယ် နှစ်မြို့နယ်၊ ကယားပြည်နယ်သုံးမြို့နယ်၊ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင် ယောနယ်ဖြစ်တဲ့ ထီးလင်းမြို့နယ်၊ ဆောမြို့နယ်၊ ဂန့်ဂေါမြို့နယ် တို့ဖြစ်ကြောင်း သိရှိရပါတယ်။ ထီးလင်းမြို့နယ်၊ ဆောမြို့နယ်၊ ဂန့်ဂေါမြို့နယ်ကတော့ သာမန်ခက်ခဲမှု အဆင့်ပဲ ဖြစ်ပါတယ်။ ဝေးလံခေါင်သီတဲ့ အရပ်ဒေသမှာရှိတဲ့ ဝန်ထမ်းများဟာ (၁) ဒေသခံ ဝန်ထမ်းများနှင့် ဧည့်သည်ဝန်ထမ်းများဆိုပြီးတော့ နှစ်မျိုးနှစ်စား တွေ့ရှိရမှာဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်မှုလွယ်ကူသော မြို့ပြဝန်ထမ်းများနှင့်နှိုင်းယှဥ်လို့ရှိရင် ခက်ခဲသောဒေသများက အခက်အခဲပေါင်းမျိုးစုံ တွေ့ရှိရတာကို လွှတ်တော်ကိုယ်စားလှယ်အသီးသီး တင်ပြသွားပြီးဖြစ်ပါတယ်။

ခက်ခဲသောဒေသ ရောက်ဝန်ထမ်းများရဲ့ ဘဝကို ပြောမယုံကြုံဖူးမှသိ ကိုယ်တိုင်တွေ့ကြုံခံစားရမှပဲ သိရှိပါတယ်။ ဒါကြောင့် လမ်းခရီးခက်ခဲမှု၊ သွားလာရတွင် ငွေကုန်ကြေးကျမှု၊ ကျန်းမာရေး၊ စားဝတ်နေရေးနှင့် မိသားစုနှင့် ခွဲခွာရမှုများကို ခံစားရတာတစ်ခုမဟုတ်တစ်ခု တွေ့ကြုံရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းခက်ခဲမှုများကို ချိုးမြှောက်သောအားဖြင့်လည်းကောင်း၊ စိတ်ဓါတ်ကို မြှင့်တင်ပေးသည့်အနေဖြင့်လည်းကောင်း၊ နိုင်ငံတော်အစိုးရမှ သင့်တော်သော အထူး ထောက်ပံ့ငွေများကို မေတ္တာ၊ ဂရုဏာထားပြီးတော့ ပံ့ပိုးပေးနိုင်ပါရန် တင်ပြပြီး ကျွန်တော့်အနေနဲ့ အဆိုရှင် ဦးဇုံးတိန့်ရဲ့ အဆိုကိုလိုက်လှဲစွာထောက်ခံပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသန်းနိုင်(ဖာပွန်မဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ဖာပွန်မဲဆန္ဒနယ်မှပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဇုံးတိန့်ရဲ့ ယမန်နေ့ကတင်သွင်းသွားတဲ့ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အစိုးရဌာနဆိုင်ရာ ဝန်ထမ်းများအတွက် နိုင်ငံတော် အစိုးရမှဒေသစရိတ်(ဝါ) ရှားပါးစရိတ်များကို အခြေအနေနှင့်လိုက်လျောညီထွေရှိသော နှုန်းထား ပြောင်းလဲရေးအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကရင်ပြည်နယ်အတွင်း မြို့နယ် ခုနှစ် မြို့နယ်ရှိတဲ့အနက် ကျွန်တော်တို့ ဖာပွန်မြို့နယ်ဟာ ဝေးလံခေါင်သီပြီး လူမှုရေးအခက်အခဲဆုံး မြို့နယ် ဖြစ်ပါတယ်။ ယခုအခါမှာ ကျွန်တော်တို့မြို့နယ်ကို ခရိုင်အဆင့် တိုးမြှင့်ပေးလိုက်တဲ့အတွက် မြို့နယ်အဆင့် ရုံးဌာနများ၊ ဝန်ထမ်းများ၊ ခရိုင်အဆင့် ရုံးဌာနဆိုင်ရာ ဝန်ထမ်းများရှိကြပါတယ်။ ဒေသခံဝန်ထမ်းများအပြင်အခြားဒေသမှ ပြောင်းရွှေ့တာဝန်ထမ်းဆောင်လာကြတဲ့ ဝန်ထမ်းများလည်း ရှိကြပါတယ်။ ဂငယ်သဏ္ဍာန်တောင်စွယ်၊ တောင်တန်းကြားက တသွင်သွင်စီးဆင်းနေတဲ့ ယွန်းစလင်းချောင်းရဲ့ နဘေးလျှိုမြောင်စိမ့်စမ်း သဘာဝအလှတရားများနှင့် ပြည့်ဝနေတဲ့ ကျွန်တော်တို့ဒေသ ကလေးကို တခြားဒေသက ပြောင်းရွှေ့ရောက်ရှိလာတဲ့ ဝန်ထမ်းများအဖို့မှာတော့ ခေတ်သစ် မဲဇာမြေလို့ သတ်မှတ်ကြမှာပဲ ဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း ဌာနဆိုင်ရာဝန်ထမ်းအဖြစ်နဲ့ အနှစ် ၂၀ ကျော် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ပါတယ်။

ဒါကြောင့်လည်း ဝန်ထမ်းများရဲ့အခက်အခဲကို နားလည်ပြီး ဝန်ထမ်းများအတွက် တစ်စုံတစ်ရာ အကျိုးဖြစ်ထွန်းစေလိုခြင်းအကျိုးငှာ ကိုယ်ချင်းစာနာ စိတ်အရင်းခံကာ ဒီအဆိုကို ထောက်ခံဆွေးနွေး သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြို့နယ်မှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းများ အဓိကကြုံတွေ့နေရတဲ့ အခက်အခဲများကတော့လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့မှု မရှိခြင်းအခက်အခဲ၊ နေထိုင်စားသောက်မှုစရိတ်(ကုန်ဈေးနှုန်း) ကြီးမြင့်မှုအခက်အခဲ၊ နောက်ကျန် မိသားစုများနဲ့ဆက်နိုင်ရန် ဆက်သွယ်ရေးကိရိယာ အခက်အခဲတို့ပဲ ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်မှု အနေနဲ့ ဖာပွန်မြို့ကနေ ပြည်မဒေသကို ဆက်သွယ်သွားလာမယ်ဆိုရင် ပြည်နယ်ရဲ့မြို့တော်ဘားအံမြို့ ကနေတဆင့် သွားလာရပါတယ်။ ဖာပွန်မြို့ဟာ ဘားအံမြို့ကနေ မိုင် ၁၀၀ ခန့်သာကွာဝေးလို့ လမ်းပန်းလုံခြုံရေးကောင်းမွန်ခဲ့ရင် သုံးနာရီ၊ လေးနာရီလောက်ခရီးသာ ဖြစ်ပေမယ့်လက်ရှိမှာတော့ ရှစ်နာရီလောက် အချိန်ယူသွားလာနေရပါတယ်။ ဝန်ထမ်းတစ်ယောက်ဟာ ဖာပွန်မှာတာဝန်ကျလို့ ဘားအံကနေ ခရီးစထွက်မယ်ဆိုရင် ပထမဦးစွာ ဘားအံ-မြိုင်ကြီးငူကားကို စီးရပါမယ်။ ကားပေါ် မူတည်ပြီး ကားခက ၁၅၀၀နဲ့ ၂၅၀၀အထိရှိပါတယ်။ မြိုင်ကြီးငူရောက်ပြီးရင် သံလွင်မြစ်တဘက်ကမ်း က ဖာပွန်မြို့နယ်ရဲ့အစ ကမာမောင်းမြို့နယ်ခွဲကို စက်လှေနဲ့ ကူးရပါတယ်။ စက်လှေခက ပုံမှန်အားဖြင့် တစ်ဦးကို ၅၀၀ ပါပဲ။ ဒါပေမယ့် တခြားခရီးသည်ကလည်းမရှိ၊ ကိုယ်ကလည်း အမြန်လိုနေရင်တော့ ငွေ၃၀၀၀၊ ၄၀၀၀ ပေးပြီး စက်လှေစင်းလုံးငှားစီးရပါတယ်။ ကမာမောင်းကနေ ၅၇ မိုင်ဝေးတဲ့ ဖာပွန်မြို့ကို ခရီးဆက်ရမယ်ဆိုရင်တော့ ကားခက ၈၀၀၀ နဲ့၁၀၀၀၀အထိပေးရပါတယ်။ ကမာမောင်း- ဖာပွန်ကားကလည်း လုံခြုံရေးအခြေအနေအရ နေ့တိုင်းရှိချင်မှရှိပါတယ်။ ကားမရှိရင်တော့ ကမာမောင်းမှာ ညအိပ်တည်းခိုဖို့ ပြင်ရပါတော့တယ်။ ဖာပွန်-ကမာမောင်းကားလမ်း ၅၇ မိုင်မှာ ကတ္တရာလမ်းပိုင်းကတချို့၊ ကျောက်ချောလမ်းကတချို့၊ ကျန်တာတွေက ကျောက်ကြမ်းလမ်းတွေ ဖြစ်ပါတယ်။ ကျောက်ကြမ်းလမ်းအခြေအနေကတော့ လှတောသားစကားနဲ့ပြောရရင် ကျောက်ခဲ စားသွားရင်တောင် အစာကြေနိုင်တဲ့လမ်းမျိုးပါပဲ။ အဲဒီလိုလမ်းမျိုးကတော့ မိုင်အားဖြင့် ၂၀ လောက် ရှိပါတယ်။ အခုလိုမိုးများတဲ့ ရာသီမျိုးမှာဆိုရင် ပိုဆိုးပါတယ်။ ဒါကြောင့်လည်း ၅၇ မိုင်ခရီးကို ငါးနာရီ လောက် အချိန်ယူရပါတယ်။ ဒါကတော့ လက်တွေ့ကြုံတွေ့နိုင်တဲ့ လမ်းခရီးအခက်အခဲပါပဲ။ ကြိုတင် မမြင်နိုင်တဲ့၊ ကြိုတင်တွက်ဆလို့မရနိုင်တဲ့ လုံခြုံရေးအခက်အခဲကတော့ ဒီထက်ပိုပါတယ်ခင်ဗျား။ ဒီခရီးသွားရင် ကုသိုလ်တော့လည်းရပါတယ်။ ဘာကြောင့်လည်းဆိုတော့ လမ်းခရီးတလျှောက် ဘေးကင်းရန်ရှင်းဖို့၊ ရန်သူမျိုးငါးပါးနဲ့ မတွေ့မကြုံဖို့ အိမ်ပေါ်ကဆင်း၊ ကားပေါ်တက်တာနဲ့ ဂါထာ

မဏ္ဍာန်တွေကို ရှတ်ပွားနေရလို့ပါပဲ။ ဘားအံ-ဖာပွန်ခရီးစဉ်အတွက် ယာဉ်စီးခသက်သက်ပဲ ၁၅၀၀၀ လောက်ကုန်ကျတာမို့ စားစရိတ်အပါအဝင် အသွားအပြန်ခရီးအတွက် ငွေ ၅၀၀၀၀ လောက်မပါရင် အဆင်မပြေနိုင်ပါဘူး။ ဒါကဝန်ထမ်းတွေအတွက် ထည့်သွင်းစဉ်းစားပေးရမယ့် အခက်အခဲပါပဲ။ ဒီလိုလမ်းပန်းလုံခြုံချောမွေ့မှုအခက်အခဲ၊ ကြန့်ကြာမှုအခက်အခဲ၊ ရေတတန်၊ ကုန်းတတန်နဲ့အတင်အချ အကြိမ်များစွာပြုလုပ်ရခြင်းကြောင့် ကုန်ဈေးနှုန်းတွေလည်း အလွန်တရာကြီးမြင့်လှပါတယ်။ဘားအံမှာ ၇၀၀ တန်ဆန် တစ်ပြည်ကို ဖာပွန်မှာ ၁၀၀၀၊ ဘားအံမှာ တစ်လုံးကို ၁၀၀၊ ၁၂၀ တန်ဘဲဥတစ်လုံးကို ဖာပွန်မှာ သုံးလုံးငါးရာ၊ ဘားအံမှာ တစ်ပိဿာ ၅၀၀၊ ၆၀၀တန် ခရမ်းချဉ်သီးကို ဖာပွန်မှာ ၁၂၀၀၊ ၁၅၀၀ ပေးပြီးဝယ်စားရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုလမ်းခရီးကြမ်းတမ်းခက်ခဲတဲ့ကြားက ဆန့်ကျင်ဘက် အဖွဲ့အစည်းတစ်ခုရဲ့ တစ်နှစ်မှာသုံးလ၊ လေးလလောက် ကားလမ်းပိတ်ထားခြင်းကို လည်း ခံစားကြရပါသေးတယ်။ ပြီးခဲ့တဲ့နှစ်ကဆိုရင် အောက်တိုဘာ(၁၆)ရက်ကနေ လမ်းစပိတ်တာ ဖေဖော်ဝါရီလ ကုန်လောက်မှ ပြန်ဖွင့်ပေးပါတယ်။ သုံးလခွဲလောက် ကြာသွားပါတယ်။ ကားလမ်းကို အသွားအလာမပြုရဘူးလို့ ပိတ်ထားတဲ့ကာလမှာ ရေလမ်းကြောင်းနဲ့ ယွန်းစလင်းချောင်းကနေတဆင့် စက်လှေငယ်တွေနဲ့သွားလာခြင်း၊ ကုန်စည်သယ်ပို့ခြင်းတွေ လုပ်ရပါတယ်။ ဝန်ထမ်းတွေအပါအဝင် ဒေသခံပြည်သူတွေအားလုံး ပိုမိုဒုက္ခရောက်ကြရပါတယ်။ ရေလမ်းခရီးမှာ လုံခြုံရေးက ပိုပြီးစိတ်မချရ လို့ ဝန်ထမ်းတွေသွားလာလို့ မရတော့ပါဘူး။ လူမှုရေးကိစ္စနဲ့ မဖြစ်မနေသွားလာသင့်တဲ့ အခြေအနေ မှာတောင် သွားလာလို့ မရတော့ပါဘူး။ ကုန်ဈေးနှုန်းတွေလည်း ပိုပြီးကြီးမြင့်ကုန်ပါတယ်။ ကျန်းမာရေး အတွက် ဆေးဝါးတွေလည်းပြတ်ပြီး လိုတဲ့ဆေးတွေကိုလည်း ဝယ်လို့မရတော့ပါဘူး။ အဓိက ထိခိုက် ခံစားရတဲ့သူတွေကတော့ အခြားအပိုဝင်ငွေမရှိဘဲ ပုံမှန်လစာဝင်ငွေနဲ့ ရပ်တည်နေကြရတဲ့ ဝန်ထမ်းနဲ့ ဝန်ထမ်းမိသားစုတွေပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအတွင်းမှာ ကျွန်တော်တို့ ဒေသလိုပဲ ဝေးလံခေါင်သီပြီးလူမှုရေးခက်ခဲတဲ့ ဒေသမျိုးမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဌာနဆိုင်ရာဝန်ထမ်း များအဖို့ ကျွန်တော်တို့နဲ့အလားတူမဟုတ်တောင် အခက်အခဲတွေ့ကြုံနေကြရမှာ အမှန်ပဲဖြစ်ပါတယ်။ ဒီလိုအခက်အခဲတွေ ကြုံတွေ့နေရသည့်တိုင် နိုင်ငံ့တာဝန်တွေကို ကျရာအခန်းကဏ္ဍက ကျေပွန်စွာ ထမ်းဆောင်နေကြတဲ့ စစ်ဘက်နယ်ဘက်ဝန်ထမ်းတွေကို ကျေးဇူးတင်ဂုဏ်ယူကြရမှာ ဖြစ်ပါတယ်။ သူတို့တွေရဲ့ဘဝ၊ သူတို့တွေရဲ့အခက်အခဲတွေကို အားလုံးမစွမ်းဆောင်ပေးနိုင်သေးဘူးဆိုရင်တောင် တစ်ခုသောအတိုင်းအတာအထိ ဖြေလျှော့ပေးနိုင်အောင်နိုင်ငံတော်အနေနဲ့ စီစဉ်ဆောင်ရွက်ပေးသင့် တယ်လို့ ထင်မြင်ယူဆမိပါတယ်။ သို့ပါကြောင့်လည်း ချီဖွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ်ဦးဖုံးတိန့်ရဲ့ ယမန်နေ့က တင်သွင်းသွားတဲ့အဆိုကို အလေးအနက် ထောက်ခံပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။တန့်ယန်းမဲဆန္ဒနယ်မှ ဦးထွန်းဆာ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းဆာ(တန့်ယန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် မေတ္တာပို့သအပ်ပါတယ်ခင်ဗျာ။ ကျွန်တော်ကတော့ တန့်ယန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဆာ(ခေါ်)ဦးစိုင်းထွန်းဝင်းဖြစ်ပါတယ်။ ကျွန်တော် အခု ဆွေးနွေးသွားမှာကတော့ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖုံးတိန့်ရဲ့ ဝေးလံခေါင်သီ၍ လူမှုရေး ခက်ခဲသော ဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အစိုးရဌာနဆိုင်ရာဝန်ထမ်းများအတွက် နိုင်ငံတော်အစိုးရမှဒေသစရိတ်(ဝါ) ရှားပါးစရိတ်များကို အခြေအနေနှင့်လိုက်လျောညီထွေရှိသော နှုန်းထားပြောင်းလဲရေးအဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ကြသော နိုင်ငံဝန်ထမ်းများဟာ မိကွဲ၊ ဖကွဲ၊ သားသမီးကွဲနဲ့ ဝေးလံသည့် တစ်ရပ်တစ်ကျေးကို သွားရောက်တာဝန်ထမ်းဆောင်ကြသူများဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တိုးတက်ဖွံ့ဖြိုးလာအောင်လည်း ဆင်းရဲချမ်းသာကွာဟမှုလျှော့ပါးရေးကိုပါ တာဝန်ယူနေကြရသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်လို့ နိုင်ငံတော်အစိုးရရဲ့ ကိုယ်စားလုပ်ငန်းကိစ္စအဝဝကို ထမ်းဆောင်နေကြရသူများ ဖြစ်ကြပါတယ်။ ကျရာတာဝန်များ ပြီးမြောက်အောင်မြင်စေဖို့ တိုင်းပြည်ကို ချစ်မြတ်နိုးတဲ့ စိတ်ဓါတ်နဲ့အရင်းခံပြီး တာဝန်ထမ်းဆောင်ကြဖို့ လိုအပ်လှပါတယ်။ နာသုံးနာဖြင့် အရင်းခံပြီးမှ တာဝန်ထမ်းဆောင်ကြရပါမယ်။ အဲဒီလို စိတ်ဓါတ်မျိုးနဲ့ ကျလေရာရောက်လေရာမှာ မညည်းမညူမခိုမကပ်ပဲ တာဝန်ထမ်းကြပါမှ နိုင်ငံရဲ့ကျေးဇူးသစ္စာကို ပြန်လည်ပေးဆပ်ရာကျမှာဖြစ်ပါတယ်။ တချို့သောဒေသများမှာ ဝေးလံခေါင်သီပြီး ဖွံ့ဖြိုးမှုနည်းပါးနေသေးတဲ့နေရာတွေမှာ အစားဆင်းရဲ၊ အနေဆင်းရဲ၊ အသွားဆင်းရဲစတာတွေနဲ့တော့ မလွဲဧကန် တွေ့ကြုံကြရမှာပါ။ ဘယ်လိုအပဲဖြစ်ဖြစ် ဝတ်ရေး၊ နေရေးစသည့် အရေးနှစ်မျိုးကို ကိုယ်တိုင်ရင်ဆိုင်ကျော်ဖြတ်သွားနိုင်ရင်ဖြင့် တစ်စိတ်တစ်ပိုင်း စိတ်ချမ်းသာမှုတော့ ရရှိနေပြီးလို့ ယူဆရပါတယ်။ အဲဒီလို နေနိုင်အောင်နဲ့ တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်အောင် နိုင်ငံတော်အစိုးရမှ အဆိုပါ ဝေးလံခေါင်သီသောဒေသသို့ သွားရောက်တာဝန်ထမ်းဆောင်ကြရသောဝန်ထမ်းများကို အထူးအစီအစဥ်တစ်ရပ်အဖြစ် စဥ်းစားပြီး သွားရောက်တာဝန်ထမ်းဆောင်လိုသောစိတ်ဓါတ်များ ပွားများလာအောင် အစီအစဥ်တစ်ခု ဆောင်ရွက်

ပေးသင့်ပါကြောင်း အဆိုရှင် ဦးဖုံးတိန့်ရဲ့ အဆိုကိုထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မက်မန်းမဲဆန္ဒနယ်မှ ဦးအိုက်ယွန်းမွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအိုက်ယွန်းမွန်း(မက်မန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး လေးစားကြောင်း ပြောကြားလိုပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ မက်မန်း မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ယွန်းမွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် ချီဖွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖုံးတိန့်၏ အဆိုကို ထောက်ခံ သွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်အဆက်ဆက်မှသော်လည်းကောင်း၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်တွင်သော်လည်းကောင်း၊ ကျွန်တော်တို့နေထိုင်ရာ “ဝ”ခြောက်မြို့နယ်အား ဝေလံ ခေါင်ပါးသော နယ်မြေအဖြစ် နိုင်ငံတော်အစိုးရမှ အသိအမှတ်ပြုပေးခဲ့ပါတယ်။ယခုအခါတွင် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းအဖြစ် နိုင်ငံတော်အစိုးရမှ “ဝ” ခြောက်မြို့နယ်ရှိသည့်အနက် ဟိုပန် မြို့နယ်နှင့် မက်မန်းမြို့နယ်တို့သာလျှင် ရွေးကောက်ပွဲဝင်နိုင်ခဲ့ပါတယ်။ ဟိုပန်မြို့နယ်နှင့် မက်မန်း မြို့နယ်များ၏ နယ်စပ်ဒေသတစ်လျှောက်တွင် တာဝန်ထမ်းဆောင်နေသော ပြည်သူ့ဝန်ထမ်းများမှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများကြောင့် လစာနှင့်စရိတ်လုံလောက်မှုမရှိဘဲ စားဝတ်နေရေး အကြပ်အတည်း တွေ့နေရတာကို သိရှိရပါတယ်။ ဒါ့ကြောင့်မို့ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖုံးတိန့်၏ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အစိုးရဌာနဆိုင်ရာ ဝန်ထမ်းများအတွက် နိုင်ငံတော်အစိုးရမှ ဒေသစရိတ်(ဝါ)ရှားပါးစရိတ်များကို အခြေအနေနှင့် လိုက်လျောညီထွေရှိသော နှုန်းထားများအား ပြောင်းလဲရေးအဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။လေးစားအပ်ပါတဲ့ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ

ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ကချင်ပြည်နယ် ချီဖွေမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဇုံးတိန့် တင်သွင်းတဲ့ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများတွင် တာဝန် ထမ်းဆောင်လျက်ရှိသည့် အစိုးရဌာနဆိုင်ရာဝန်ထမ်းများအတွက် နိုင်ငံတော် အစိုးရမှ ဒေသစရိတ် (ဝါ) ရှားပါးစရိတ်များကို အခြေအနေနှင့် လိုက်လျောညီထွေရှိသော နှုန်းထားများ ပြောင်းလဲရေးအဆို နှင့်ပတ်သက်ပြီး ကျွန်တော်ရှင်းလင်းတင်ပြသွားပါမယ်။ ၁၉၇၉ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှစပြီး ဒေသစရိတ်ခံစားခွင့်ရှိတဲ့မြို့နယ်တွေကို လူမှုရေးအခက်အခဲဆုံးအဆင့်နှင့် လူမှုရေးခက်ခဲသောအဆင့် ဟူ၍ နှစ်ဆင့်ခွဲခြားသတ်မှတ်ခဲ့ပြီးတော့ အဆိုပါဒေသများမှာ တာဝန်ထမ်းဆောင်ကြတဲ့ဝန်ထမ်းများ ဟာ ဒေသစရိတ်များကို ခံစားခွင့်ရရှိခဲ့ပါတယ်။ လူမှုရေးအခက်အခဲဆုံးအဆင့် မြို့နယ်များမှာ တာဝန်ထမ်းဆောင်ကြတဲ့ ဝန်ထမ်းများဟာ လစာအနည်းအများအလိုက် လစာရဲ့ ၁၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ ဒေသစရိတ်ခံစားရပြီး လူမှုရေးခက်ခဲတဲ့ မြို့နယ်များမှ တာဝန်ထမ်းဆောင်ကြတဲ့ ဝန်ထမ်းများသည် လစာရဲ့ ၈ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ဒေသစရိတ် ခံစားရပါတယ်။

၁၉၈၉ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့ကစပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက် ကြတဲ့ ဝန်ထမ်းများဟာ ထိုဝန်ထမ်းလစဥ်ထုတ်ယူရရှိတဲ့ လစာနှင့်ညီမျှတဲ့ငွေကို အထူးလစာအဖြစ် ထုတ်ယူခွင့်ပြုခဲ့ပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဟာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်နဲ့ဆောင်ရွက်နိုင်ရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများရဲ့ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ၊ လုပ်ငန်း ကော်မတီနှင့် ဒေသဆိုင်ရာလုပ်ငန်းကော်မတီများကို ဖွဲ့စည်းပြီး ၁၉၈၉ ခုနှစ်မှစတင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ လမ်းတံတားလုပ်ငန်းဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆပ်ကော်မတီ၊ ကျန်းမာရေးလုပ်ငန်းဆပ်ကော်မတီ၊ ပညာရေးလုပ်ငန်း ဆပ်ကော်မတီ၊ စိုက်ပျိုးရေးလုပ်ငန်းဆပ်ကော်မတီ၊ သစ်တောလုပ်ငန်းဆပ်ကော်မတီ၊ မွေးမြူရေး လုပ်ငန်းဆပ်ကော်မတီ၊ ကုန်သွယ်ရေးလုပ်ငန်းဆပ်ကော်မတီ၊ စွမ်းအင်လုပ်ငန်းဆပ်ကော်မတီ၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းဆပ်ကော်မတီ၊ သတ္တုရှာဖွေတူးဖော်ရေးလုပ်ငန်းဆပ်ကော်မတီ၊ ဆက်သွယ် ရေးလုပ်ငန်းဆပ်ကော်မတီ၊ အိမ်ရာဆောက်လုပ်လုပ်ရေးငန်းဆပ်ကော်မတီ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးလုပ်ငန်းဆပ်ကော်မတီ၊ သာသနာရေးလုပ်ငန်းဆပ်ကော်မတီ၊ ပြည်ထဲရေးဆိုင်ရာလုပ်ငန်း ဆပ်ကော်မတီ၊ လူမှုဝန်ထမ်းနှင့် သမဝါယမလုပ်ငန်းဆပ်ကော်မတီများဖွဲ့စည်းပြီးတော့ သက်ဆိုင်ရာ လုပ်ငန်းများကို အရှိန်အဟုန်နှင့် ဆောင်ရွက်ခဲ့ကြပါတယ်။

ဗဟိုကော်မတီ၊လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီအသီးသီးတို့ဟာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ၁၉၈၉ ခုနှစ်မှ စတင်ကြိုးပမ်း အကောင်အထည်ဖော်ခဲ့ရာ ယခုအခါမှာ နယ်စပ်ဒေသတွေမှာ လမ်းများ၊ တံတားများ၊ ကျောင်းများ၊ ဆေးရုံများ၊ ဆက်သွယ်ရေးရုံးများ၊ စီးပွားကုန်သွယ်ရေးရုံများ၊ မြို့သစ်များ တည်ဆောက်ပေးနိုင်ခဲ့တဲ့အပြင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သမဝါယမလုပ်ငန်းများနဲ့ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး လုပ်ငန်းများကိုပါ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ၁၉၈၉-၁၉၉၀ ခုနှစ် ဘဏ္ဍာရေးနှစ်မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အထိ ကျွန်တော်တို့ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများရဲ့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေအဖြစ် ကျပ် ၁၄၄.၁ ဘီလီယံ၊ ဝန်ကြီးဌာန ရန်ပုံငွေအနေနဲ့ ကျပ် ၂၈၉.၈၈၆ ဘီလီယံ၊ စုစုပေါင်းအသုံးစရိတ် ကျပ် ၄၃၃.၉၈၆ ဘီလီယံနှင့် ကျခံဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၀၀ ပြည့်နှစ်၊ ဧပြီလ ၂၀ ရက်နေ့ကစပြီးတော့ အစိုးရဝန်ထမ်းများရဲ့ လစာတွေကို တိုးမြှင့်ပေးခဲ့ပါတယ်။

သို့ဖြစ်၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်တာဝန်ကျတဲ့ ဝန်ထမ်းများဟာလည်း တိုးမြှင့်လစာနှုန်းများကို ခံစားခွင့်ရရှိခဲ့တဲ့အတွက် လစာရဲ့ ၂၅ ရာခိုင်နှုန်းကို အထူးလစာအဖြစ် ထုတ်ယူခွင့်ပြုပေးခဲ့ပါတယ်။ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ ဆောင်ရွက်ခဲ့ရာ လမ်းခရီးဝေးလံခေါင်သီပြီး လူမှုရေးခက်ခဲတဲ့ဒေသများရဲ့ စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနဲ့ လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့တဲ့အတွက် နယ်စပ်ဒေသများမှာလည်း ဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာခဲ့ပါတယ်။ ၂၀၀၆ ခုနှစ်ကစပြီး ဝန်ထမ်းများရဲ့ လစာကို တိုးမြှင့်ပေးခဲ့တဲ့အခါမှာ နယ်စပ်ဒေသများမှာလည်း ဖွံ့ဖြိုးတိုးတက်မှုများရရှိလာပြီဖြစ်တဲ့အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် သွားရောက်တာဝန် ထမ်းဆောင်ကြတဲ့ ဝန်ထမ်းများနှင့် နေ့စားအလုပ်သမားများကို အထူးလစာ၊ နေ့တွက်စရိတ်၊ လုပ်ခနဲ့ အထူးလုပ်ခများ ခံစားခွင့်အစား အခြားဝန်ထမ်းများနည်းတူ တိုးမြှင့်လစာနှုန်းများနှင့် နေ့စားလုပ်ခနှုန်းများကိုသာ ခံစားခွင့်ပြုခဲ့ရပါတယ်။ အခုအခါမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများကို ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဝေးလံခေါင်သီပြီး လူမှုရေးခက်ခဲတဲ့ဒေသများမှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ အစိုးရဌာနဆိုင်ရာဝန်ထမ်းများအနေနဲ့ ဒေသစရိတ်အခက်အခဲရှိနေခြင်းတွေကို သက်ဆိုင်ရာတိုင်းဒေသကြီး၊

ပြည်နယ်အစိုးရများမှတစ်ဆင့် ညှိနှိုင်းပြီးတော့ တင်ပြဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဦးဇုံးတိန်၊ ချီဖွေမဲဆန္ဒနယ်ရဲ့ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အစိုးရဌာနဆိုင်ရာဝန်ထမ်းများအတွက် နိုင်ငံတော်အစိုးရမှ ဒေသစရိတ်(ဝါ)ရှားပါးစရိတ်ကို အခြေအနေနှင့် လိုက်လျောညီထွေရှိသော နှုန်းထားပြောင်းလဲရေးအဆိုကို အထူးသဖြင့်တော့ တိုင်းရင်းသားညီအစ်ကိုတွေပါပဲ။ ဆွေးနွေးသွားတဲ့နေရာမှာ ရိုးသားပွင့်လင်းပြီးတော့ တင်ပြသွားလို့ ကျန်ဒေသမှာရှိကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များလည်း ကြားလိုက်ပြီးဖြစ်ပါတယ်။ ဒီနေရာမှာတော့ ထူးထူးခြားခြား ခေါင်လန်ဖူးဒေသက ဦးစီခန်ရမ်နောက် ဖာပွန်မဲဆန္ဒနယ်က ဦးစိုင်းသန်းနိုင်တို့ရဲ့ တင်ပြချက်တွေဟာ အင်မတန်မှ ကိုယ်ချင်းစာစရာကောင်းပါတယ်။ ဒီအဆိုမှာကတော့ သူကဝန်ထမ်းများကိုသာ အဆိုပြုထားပေမယ့် တကယ်တမ်းကျတော့ အဲဒီဒေသမှာနေကြတဲ့ ညီအစ်ကိုတိုင်းရင်းသားများရဲ့ အခြေအနေကိုလည်း တင်ပြချက်တွေကနေပြီးတော့ အားလုံးကြားသိလိုက်ရတဲ့အတွက် တချို့ဆိုရင်လည်း စိတ်မကောင်းစွာနဲ့ဘဲ နားထောင်ရတယ်၊ နားထောင်နေရတယ်ဆိုတဲ့အနေအထားမျိုး ကျွန်တော်ဘက်က ဒီလို ခံစားရပါတယ်။ ခေါင်လန်ဖူးဒေသကတော့ ရဟတ်ယာဉ်နဲ့သွားမှ ရောက်ခဲ့ဖူးတဲ့နေရာဖြစ်ပြီးတော့ ဖာပွန်ဒေသကတော့ ကျွန်တော်တို့နဲ့ အထူးသဖြင့် ကျွန်တော်တို့နဲ့ နီးစပ်တဲ့အတွက် ဦးစိုင်းသန်းနိုင်ရဲ့ တင်ပြချက်က ပြန်ပြီးတော့ အရင်ခံစားရတဲ့အခြေအနေတွေ စိတ်ထဲမှာတော်တော်လေးကို မကောင်းတဲ့သဘောလည်း ရှိပါတယ်။ ဒါပေမယ့် အခြေအနေကတော့ စိတ်မကောင်းပေမယ့် ဒီအတိုင်းကအမှန်ပါပဲ။ အမှန်ပါပဲ။ အဲဒီတော့ ဒီလိုဖြစ်ရတဲ့နေရာမှာလည်း ဖာပွန်က တကယ်တမ်းကျတော့ ခုနကဦးစိုင်းသန်းနိုင် တင်ပြသလိုပဲ ဘားအံနဲ့ ဘယ်လောက်မှ မဝေးပါဘူး။ မဝေးသော်လည်း ခုနက တင်ပြချက်အရပေါ့လေ။ ကျွန်တော်တို့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေရဲ့ အခြေအနေကြောင့် ဒီလိုဖြစ်တယ်လို့ပဲပြောရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တိုင်းရင်းသားများအပါအဝင် ကျွန်တော်တို့ ဝန်ထမ်းတွေလည်း ဒီလို ဆိုးကျိုးတရားတွေ ခံစားနေရတယ်ဆိုတာလည်း အမှန်ပါပဲ။ အဲဒီမှာ တင်ပြသွားတဲ့နေရာမှာလည်း ဝန်ထမ်းဆိုတဲ့နေရာမှာ ဝန်ထမ်းဖြစ်သော နယ်ဘက်ဝန်ထမ်းအပြင် တပ်မတော်၊ တပ်မတော်မိသားစုများကလည်း ခုန ဦးစိုင်းသန်းနိုင် တင်ပြသလိုပဲ ဖြစ်ပါတယ်။ အခြေအနေက ကြုံတွေ့ရတဲ့အချိန်များနဲ့ ပြန်ပြောင်းရမယ်ဆိုလို့ရှိရင်လည်း ဖာပွန်ဒေသမှာ ၁၉၈၈- ၁၉၈၉ ပတ်ဝန်းကျင်တုန်းက တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းများဟာ ဟိုတစ်ချိန်က လိုအပ်ချက်အရ တပ်မတော်သားများနဲ့အတူ

လိုက်ပြီးတော့ ပစ္စည်းများသယ်ရ၊ ပိုးရတာတွေလည်း ဒါရှိခဲ့တာ အမှန်ပါပဲ။ ဒါကြောင့်လည်း ခုနက တင်ပြသွားတဲ့ ဦးစိုင်းသန်းနိုင်ဟာ တင်ပြတဲ့နေရာမှာ အားနဲ့မာန်နဲ့ခံစားချက်တွေ ဖော်ပြသွားတဲ့ အတွက်လည်း ပိုပြီးတော့ ပီပြင်တဲ့သဘော ရှိပါတယ်။ ခြုံပြောမယ်ဆိုရင်တော့ အခုချီဖွေမဲဆန္ဒနယ်က ဦးဇုံးတိန့် တင်ပြတဲ့အဆိုဟာ ကျွန်တော်တို့ ကိုယ်စားလှယ်များအားလုံးအနေနဲ့ ဒီအဆိုကို ထောက်ခံ အတည်ပြုမှာပဲ ဖြစ်ပါတယ်။ အဲဒီနည်းတူပဲ ကြားကြားသမျှသော၊ သိရှိသမျှသော ပြည်သူများ အနေနဲ့လည်း ဒီအဆိုကို ထောက်ခံအတည်ပြုမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုနဲ့ပတ်သက် ပြီးတော့ ကိုယ်စားလှယ်များရဲ့ တစ်ဦးစီရဲ့ဆန္ဒကို မယူတော့ဘဲနဲ့ ကျွန်တော်တို့ လွှတ်တော်အနေနဲ့ပဲ ဒီအဆိုဟာ အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုအတည်ဖြစ်တဲ့အတွက် လွှတ်တော်ရဲ့ ထုံးတမ်းစဉ်လာအတိုင်း သမ္မတထံကို နောက်နေ့မှာ သဝဏ်လွှာနဲ့ပို့မှာ ဖြစ်ပါတယ်။ တစ်ဆက်တည်းပဲ ခုနက ဦးစိုင်းသန်းနိုင် တင်ပြတဲ့ နေရာမှာ လမ်းပန်းဆက်သွယ်မှု လုံခြုံရေး၊ အဲဒီမှာမှတစ်ခါ လုံခြုံရေးအပြင် လမ်းနဲ့ပတ်သက်လို့ ပြုပြင်ကိစ္စတွေနဲ့ ပတ်သက်လို့ ကျွန်တော်နားလည်သလောက်က ဒီနှစ်မှာ လမ်းပြုပြင်ပေးဖို့ ဆိုတာတော့ ပါထားပြီဆိုတာ သိရပါတယ်။ သို့ရာတွင် ခုနကတယ်လီဖုန်းပေါ့လေ။ ဆက်သွယ်ရေးစနစ် မကောင်းသေးဘူးဆိုတာနဲ့ပတ်သက်လို့ သက်ဆိုင်ရာဝန်ကြီးဌာနကို ကျွန်တော်တို့ ဒီနေ့ပဲ ပြန်ပြီးတော့ မေးပါမယ်။ မေးတဲ့အခါမှာ ခုနက လိုအပ်ချက်ရှိတယ်ဆိုလို့ရှိရင်လည်း အတတ်နိုင်ဆုံး၊ အဖြစ်နိုင်ဆုံး ဦးစားပေးဆောင်ရွက်ဖို့ ကျွန်တော်တို့ လွှတ်တော်ဘက်က တိုက်တွန်းဆောင်ရွက်သွားပါမယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုတင်သွင်းခြင်း အစီအစဉ် ဆက်လက် ဆောင်ရွက်ပါမယ်။ ပထမဦးစွာ မြေလွတ်မြေရိုင်းများ အမှန်တကယ်လုပ်ကိုင်လိုသူများ၊ တရားမျှတစွာ လုပ်ကိုင်ခွင့်ရရေး အဆိုတင်သွင်းဖို့ တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေအား ဖိတ်ခေါ်ပါတယ်။

**ဦးမျိုးဆွေ(တနိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ အားလုံးမင်္ဂလာကျက်သရေအဖြာဖြာနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ တနိုင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြေလွတ်မြေရိုင်းများအား အမှန်တကယ် လုပ်ကိုင်လိုသူများ၊ တရားမျှတစွာ လုပ်ကိုင်ခွင့်ရရှိရေးအဆိုကို တင်သွင်းလိုပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကချင်ပြည်နယ်ရဲ့ နယ်မြေအကျယ်အဝန်းဟာ

မြေဧက ၂၂၀၀၂၇၀၃ ဧကရှိပြီး စိုက်ပျိုးနိုင်သော မြေလွတ်မြေရိုင်းမြေဧကပေါင်း ၉၉၅၃၂၄၃ ဧကရှိပါတယ်။ ၁၉၉၇ ခုနှစ်ကစပြီး ကချင်ပြည်နယ်အတွင်း ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စိစစ်ထောက်ခံချက်၊ မြေလွတ်မြေလပ်မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုအဖွဲ့တို့က ကုမ္ပဏီများနဲ့လုပ်ငန်းရှင် ၇၅၂ ဖွဲ့ကို စိုက်ပျိုးလုပ်ကိုင်ခွင့်ချထားပေးခဲ့ရာမှာ မြေဧက ၁၃၈၉၉၀၅ ဧကရှိကြောင်း သိရှိရပါတယ်။ သို့ရာတွင် လုပ်ကိုင်ခွင့်ရရှိထားသောကုမ္ပဏီများနှင့် လုပ်ငန်းရှင်များအနေနဲ့ စပါး၊ ပီလောပီနံ၊ ရာဘာပင်နှင့် အခြားနှစ်ရှည်ပင် စုစုပေါင်း ၁၄၂၈၆၆ ဧက စိုက်ပျိုးထားကြောင်း သိရှိရပါတယ်။ ဒါကြောင့် လုပ်ကိုင်ခွင့်ရရှိထားတဲ့ မြေလွတ်၊ မြေရိုင်း ၁၂၄၇၀၃၉ ဧက စိုက်ပျိုးရန် ကျန်ရှိနေကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။ အချို့သောကုမ္ပဏီများနဲ့ လုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးလုပ်ကိုင်ရန် ငွေကြေးခနအင်အား ပြည့်စုံလုံလောက်မှုမရှိခြင်း၊ စီမံခန့်ခွဲမှုအားနည်းခြင်းများကြောင့် ပြည့်မီစွာ လုပ်ကိုင်နိုင်ခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။ အချို့သော ကုမ္ပဏီလုပ်ငန်းရှင်များအနေနဲ့ အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်လိုခြင်းထက် အခါအခွင့်သင့်တုန်း မြေယာပိုင်ဆိုင်လိုမှုအတွက် လျှောက်ထားရယူခဲ့တယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆမိပါတယ်။ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးတွေမှာလည်း ရှိမယ်လို့ ထင်ပါတယ်။ ဒါ့ကြောင့်မို့ စိုက်ပျိုးနိုင်ခြင်းမရှိသော မြေလွတ်မြေရိုင်းများကို သက်ဆိုင်ရာဌာနကစိစစ်ပြီး အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်လိုသူများကို လုပ်ကိုင်ခွင့်ရရှိရေးအဆို တင်သွင်းရခြင်းဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေ တင်သွင်းတဲ့အဆိုကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်(ကြာသပတေးနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီကနေ့ ညနေပိုင်းမှာ ပြည်သူ့လွှတ်တော်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းဖို့ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၁ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့ (ကြာသပတေးနေ့) ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။